



# အလယ်တန်းအဆင့် သရုပ်ဖော် စာစီစာကုံးများ

ဖြိုးသာရ



mgyoe.com

mgyoe.com


အလယ်တန်းအဆင့်

စာသင်သားများအတွက်

စုဆောင်း– အတုယူ– ပြုပြင်ရေးသားခြင်း အဆင့်ဆင့်ဖြင့်

မိမိအရည်အသွေးကို လေ့ကျင့်ပျိုးထောင်ယူနိုင်မည့်

နမူနာစာစီစာကုံးများ ဒုတိယအုပ်။



ISBN9789997111999
PTY9
9 789997 111999
1,300.00KS

mgyoe.com

အလယ်တန်းအဆင့် သရုပ်ဖော်စာစီစာကုံးများ

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၄၀၀၃၉၇၀၃၀၈ နှင့်

မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၀၀၃၅၁၀၄၀၈ တို့ဖြင့်

မျက်နှာဖုံးဒီဇိုင်း ဣ.ဒ.ဝပြုလုပ်ပြီး ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချို စာအုပ်တိုက်၊ ၈၅၊ ၁၆၄ လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်နှင့် ပုံနှိပ်သူ - ဦးနိုင်ဦး၊ ငွေပြည်တော်ပုံနှိပ်တိုက်၊ သိမ်ဖြူလမ်း၊ ရန်ကုန်ကပြ ပထမအကြိမ် စောင်ရေ- ၅၀၀ ရိုက်နှိပ်ကာ ၂၀၀၈ ခု၊ ဇွန်လတွင် တန်ဖိုး ၁၃၀၀ ကျပ်ဖြင့် ဖြန့်ချိသည်။

စာအုပ်ချုပ် ကိုမြင့်

mgyoe.com

mgyoe.com

# မာတိကာ


–နိဒါန်းအမှာစာ ... က

၁။ နံနက်ခင်းလင်းအရုဏ် ... ၁

၂။ ကျေးလက်ညနေခင်း ... ၆

၃။ ညအခါ လသာသာ ... ၁၁

၄။ ကျောင်းသွားကျောင်းပြန်မြင်ကွင်း ... ၁၆

၅။ မွေးမေမေ ... ၂၂

၆။ အလေးစားရဆုံးဆရာတစ်ဦး ... ၂၇

၇။ ဘုရားဖူးခရီးတစ်ခေါက် ... ၃၁

၈။ စွဲထင်ရစ်သောမြင်ကွင်း ... ၃၇

၉။ အတွေ့အကြုံမှရသော သင်ခန်းစာ ... ၄၁

၁၀။ တပေါင်းသာခေါင်လမျှားနှောင် ... ၄၇

၁၁။ အချစ်ဆုံးသူငယ်ချင်း ... ၅၂

၁၂။ အာစရိယပူဇော်ပွဲ ... ၅၇

၁၃။ အိမ်နီးချင်းများ ... ၆၂

၁၄။ တာသကြံ်နပွဲတော် ... ၆၇

၁၅။ အနှစ်သက်ဆုံးဘာသာရပ် ... ၇၂

၁၆။ မိုးရွာသောနေ့တစ်နေ့ ... ၇၇


mgyoe.com

mgyoe.com

၁၇။ ကျောင်းစာကြည့်တိုက် ၈၂
၁၈။ မွေးရပ်ဌာနေ ၈၇
၁၉။ အလှူပွဲ ၉၂
၂၀။ ကျွန်ုပ်၏ တိုးတက်သော ပတ်ဝန်းကျင် ၉၇
၂၁။ လေးစားရသူတစ်ဦး ၁၀၂
၂၂။ ဆယ့်နှစ်လရာသီ ၁၀၇
၂၃။ သာယာရှုခင်းတို့ပြည်တွင်း ၁၁၂
၂၄။ နှစ်သက်စဖွယ် မြန်မာ့ခလေ့ ၁၁၇
၂၅။ အကျွန်ုပ့် ရည်မှန်းချက် ၁၂၂

mgyoe.com

mgyoe.com

## နိဒါန်းအမှာ

အခြေခံပညာ မူလတန်းနဲ့ မူလတန်းလွန်ဘဝက တက်လာကြပြီး အခြေခံပညာအထက်တန်းအဆင့် တက္ကသိုလ်ဝင်တန်းကို မရောက်ရှိကြသေးတဲ့ ကြားကာလကလေးထဲက အခြေခံပညာအလယ်တန်းကျောင်းသူ၊ ကျောင်းသားများ ရဲ့ အခြေအနေဟာ စပ်ကူးမပ်ကူး ထိပ်မရောက်၊ အောက်မရောက်အဆင့်မှာ ရှိနေပါတယ်။ ကျောင်းသားဘဝမှာ တကယ့်ကို အလယ်အလတ် ခပ်ပေါ့ပေါ့အတန်းလို့ပြောနိုင်ပါတယ်။ ဒါပေမဲ့ တကယ်တော့ ဒီအခြေအနေဟာ လေ့ကျင့်ရန် အသင့်တော်ဆုံးနဲ့ အကောင်းဆုံးဖြစ်ပါတယ်။

စာစီစာကုံးနဲ့ပတ်သက်ပြီး ပြောရရင် ဒီအချိန်ဟာ လေ့ကျင့်မှုအတွက် ရေခံမြေခံ အကောင်းဆုံးလို့ ဆိုနိုင်ပါတယ်။ စာဖတ်ကျင့် များများမွေးနိုင်တဲ့ အရွယ်နဲ့အတန်းလည်းဖြစ်ပါတယ်။ ဒါကြောင့် ဒီအချိန်မှာ စာစီစာကုံးကို အားကြိုးမာန်တက် လေ့ကျင့်ထားကြပါ။ တက္ကသိုလ်ဝင်စာမေးပွဲကြီးအတွက် အရေးပါလှတဲ့ ကြိုတင်ပြင်ဆင်မှု တစ်ရပ်ဖြစ်ပါလိမ့်မယ်။

ဒီစာအုပ်မှာတော့ သရုပ်ဖော်စာစီစာကုံးတွေကို ရေးပြထားပါတယ်။ သရုပ်ဖော်ဆိုတဲ့အတိုင်း ရုပ်ကိုပေါ်လွင်လာအောင် ခြယ်သပေးရတဲ့ စာစီစာကုံးမျိုးဖြစ်ပါတယ်။

စာဖတ်သူရဲ့မျက်လုံးထဲမှာ ကွင်းကွင်းကွက်ကွက်မြင်လာအောင် ရေးပြရပါမယ်။ အနုအရွအလှစာလုံးကလေးတွေနဲ့ ဖမ်းစားပြရပါမယ်။ ဖတ်သူကို ဆွဲဆောင်မှု ပေးနိုင်ရပါမယ်။

နိဒါန်းကစပြီး နိဂုံးအထိ အချိတ်အဆက်မိမိနဲ့ ရေးပြတတ်ရပါမယ်။ သရုပ်ဖော်စာစီစာကုံးဟာ တကယ့်ကို စာကို စီကာပတ်ကုံး ရေးရတာမျိုးဖြစ်ပါတယ်။ ဥပမာ ဘုရားဖူးခရီးဆိုပါစို့၊ ဒီခရီးကို အစကအဆုံးရေးပြရပါတယ်။ ဒီခရီးဟာ ဆွဲဆောင်မှုရှိတဲ့ ခရီးမျိုးဖြစ်အောင် ရေးပြရမှာပါ။ စွဲထင်ရစ်သော မြင်ကွင်းဆိုတဲ့ စာစီစာကုံးမျိုးဆိုရင်လည်း တကယ့်ကို မျက်လုံးထဲမှာ စွဲမြင်သွားအောင် ရေးပြတတ်ရပါမယ်။

mgyoe.com

mgyoe.com



သရုပ်ဖော်စာစီစာကုံးဟာ လွယ်မယ်ထင်ရသလောက်နဲ့ ခက်ပါတယ်။ ဖွင့်ဆိုရှင်းပြကျိုးကြောင်းပြရတာ မဟုတ်တဲ့အတွက် ရေးကွက်ကလည်း ပိုကျယ်ပါတယ်။ တစ်ယောက်နဲ့တစ်ယောက် အမြင်လည်း မတူကြတာ တွေ့ရပါတယ်။

သရုပ်ဖော်စာစီစာကုံးအမျိုးအစားထဲမှာ ရာသီတွေ ပါပါတယ်။ နေ့ညတွေ ပါပါတယ်။ လချင်းအလိုက် သရုပ်ဖော်ရတာမျိုးလည်း ရှိပါတယ်။ ဥပမာ တပေါင်းသာခေါင်လမျှားနောင် ဆိုတာမျိုးပေါ့။ ဒီစာစီစာကုံးတွေဟာ သရုပ်ဖော်ရင်း တင်စားမှုတွေနဲ့ တန်ဆာဆင်သွားရတာပါ။

နောက်တစ်မျိုးက ကိုယ်အနှစ်သက်ဆုံးအရာတစ်ခုခုကို သရုပ်ဖော်ပြရတာ ဖြစ်ပါတယ်။ ကျွန်မ၏ မေမေဆိုတာမျိုး၊ လေးစားရသော ဆရာတစ်ဦးဆိုတာမျိုး ပေါ့။ ဒီစာစီစာကုံးမှာ အနက်အဓိပ္ပာယ်ဖွင့်ပြစရာတွေ မပါပေမဲ့ တင်စားရမယ့် ကဗျာလင်္ကာတွေကတော့ ပါကိုပါရပါမယ်။ သာဓကေ ပြစရာတွေမပါပေမဲ့ ခိုင်းနှိုင်း ပုံဖော်တာမျိုးတွေပါရပါမယ်။

ပေါ်လွင်အောင် ရေးပြနိုင်ရမယ့်အပြင် မြင်သာအောင် ဖော်ပြတတ်ရပါမယ်။ ဥပမာ တိမ်တွေ၊ တောင်တွေ၊ ပင်လယ်တွေ၊ မြစ်ချောင်းတွေ၊ ကောင်းကင်နဲ့ မြေပြင်၊ သစ်ပင်နဲ့လယ်ကွင်း စတာတွေဟာ ရာသီအလိုက်၊ လအလိုက်၊ နေ့ညအလိုက် မတူကွဲပြားစွာ သရုပ်ဖော်ရမှာဖြစ်ပါတယ်။ ရာသီအလိုက် ထူးခြားတဲ့သတ္တဝါ၊ ရာသီအလိုက်ကျင်းပတဲ့ ပွဲတော်စတာတွေကိုလည်း သိထားကြရပါလိမ့်မယ်။

သရုပ်ဖော်စာစီစာကုံးပိုင်နိုင်ကျွမ်းကျင်အောင် အခုအချိန်ကတည်းက လေ့ကျင့်ထားလို့ရပါတယ်။ သူ့မှာ ကျက်စရာမှတ်သားထားစရာ များများစားစား လည်းမရှိပါဘူး။ သရုပ်ဖော်စာစီစာကုံးကိုသာ တကယ်ပိုင်ထားရင် စာရေးရမှာ မပျင်းတော့ဘဲ ပျော်လာပါလိမ့်မယ်၊ စာရေးချင်စိတ်၊ ကဗျာရေးချင်စိတ်တွေ ဝင်လာပါလိမ့်မယ်။

ကဲ.... စပြီး လေ့လာလေ့ကျင့်ကြရအောင်။ စပြီး သရုပ်ဖော် လိုက်ကြရအောင်။

mgyoe.com

mgyoe.com

# နံနက်ခင်း လင်းအရှက်

နိဒါန်း – အရုဏ်နံနက်ခင်းသို့ ရောက်ရှိလာပုံကို နိဒါန်းပျိုးပါ။

စာကိုယ် – အရုဏ်ဆိုလျှင် ပါဝင်ရမည့် အဖွဲ့အနွဲ့များမှာ လင်းကြက်တွန်သံက စ,ရ ပါသည်။

– နံနက်လင်းသည်နှင့် ဘာသံတွေကြားရပါသလဲ၊ ကိုယ် ကြားရသမျှ တွေကို ချရေးကြည့်ပါ။

– အလင်းရောင် တစ်စတစ်စပေါ်လာပုံကို သရုပ်ဖော်ပါ။

– အရုဏ်ဦးမှာ ငှက်ကလေးတွေ ဘာလုပ်ကြသလဲ။

– အရုဏ်ဦးမှာ ပန်းကလေးတွေ ဘယ်လိုနေကြသလဲ။

– မနက်ခင်း ,ကောက်ကြတဲ့ ပန်းကဘာလဲ၊ ပန်းကောက်တေးကို ရေးပြပါ။

– မနက်ခင်းလမ်းပေါ်မှာ ဘယ်ဈေးသည်လာသလဲ။

– ဘာတွေတွေ့ရသလဲ၊ ဘယ်သူတွေ ကြွလာသလဲ။

– အရုဏ်ဦးမှာ ရေပြင်က ဘယ်လိုနေသလဲ၊ ကောင်းကင်က ဘယ်လို နေသလဲ။

– ဆရာဒဂုန်တာရာရဲ့ ကဗျာကို ရေးပြပါ။

နိဂုံး – ကျောင်းသူကျောင်းသားတစ်ယောက်အနေနဲ့ အရုဏ်ဦးကို ဘယ်လို အလှဆင်မှာလဲ။

mgyoe.com

mgyoe.com

၈

# နံနက်ခင်းလင်းအရုဏ်

ညကာသ လောကကြီးတစ်ခုလုံး သက်ဝင်လှုပ်ရှားလာတော့မည်။ ကောင်းကင်ဆီမှ ခြုံလွှာမည်းညစ်ညစ်တို့ ပြာရင့်ရင့်အရောင် ပြောင်းလဲခဲ့ပြီ။ တစ်ညတာဆင်နွှဲခဲ့သော ကြယ်တာရာသဘင်လည်း ပြီးဆုံးသွားကာ ကြယ်စင်နတ်သမီးလေးများ ပြေးဝင်ပျောက်ကွယ်သွားပေပြီ။ ညတစ်ည၏နိဂုံးဖြစ်၍ နေ့တစ်နေ့၏နိဒါန်းကို စပေတော့မည်။

အရှေ့ကျွန်းမှ ထွက်ပေါ်လာတော့မည့်နေဝန်းကို ကြိုဆိုလိုက်သံကတော့ "အောက်အီအီးအွတ်" ဟူသော လင်းကြက်ကြီး၏ ကျူးရင့်မှုပင် ဖြစ်တော့သည်။ ကြက်ဖတွန်သံတို့ ဟိုဟိုသည်သည်မှ ပျံ့လွင့်လာလေသည်။ အတော်အတန်မဝေးလှသော ဘုန်းတော်ကြီးကျောင်းဆီမှ ကုလားတက်ခေါက်သံသည်လည်း မရှေးမနှောင်းပေါ်လာလေသည်။ ဘုရားရှိခိုးသံသဲ့သဲ့နှင့်အတူ "ဒူဝေဝေ" ဟူသော ကြေးစည်သံကိုလည်း ကြားရပါသည်။ ဟိုအိမ်သည်အိမ်မှ မီးရောင်လဲ့လဲ့ဖြင့် ဆွမ်းချက်သံ၊ တီးတိုးစကားပြောသံများနှင့် မရှေးမနှောင်းမှာပင် ခလောက်သံ ကျောင်ကျောင်ဂျင်ဂျင်ဖြင့် လယ်တောသွားဦးကြီးများ၏ နွားလှည်းသံမှာလည်း လမ်းမထက်ဆီမှ လွင့်ပျံ့လာပါသည်။ ဓမ္မာရုံများဆီမှ ဓမ္မတေးသံကလည်း ဟိုးအဝေးဆီမှ ကြွေးသီလာပါသည်။ မေတ္တာပို့ ပရိတ်တရား ရွတ်ဖတ်သံနှင့်အတူ မင်္ဂလာရှိသော အရုဏ်ဦး၏အစမှာ ကြည်နူးဖွယ် ကောင်းလှပါတော့သည်။

အလင်းသည် ချက်ချင်းပေါ်လွင်လာသည်မဟုတ်ပေ။ အလင်းသည် တဖြည်းဖြည်းချင်း အားယူပွင့်လန်းလာသည့် ပန်းတစ်ပွင့်နှယ်ဖြစ်သည်။ ကောင်းကင်ကား အပြာရင့်ရင့်မှ မိုးခိုးပြာနုနုကလေး၊ ထိုမှ တဖြည်းဖြည်း နေမင်း၏ ရွှေတော်ပြေးပုစွန်ဆီရောင် အသွေးသို့ ပြောင်းလဲလာကာ တိမ်စိုင်တိမ်လိပ်တို့သည် ရွှေဇာပါးပါး အနားကွပ်ထားသကဲ့သို့ ရှုမငြီးစဖွယ် ဖြစ်လာပေသည်။ ဒေါင်းဖန်ဝါ၏ ညဇာကို

mgyoe.com

mgyoe.com


မလွန်ဆန်နိုင်စွာဖြင့် မကြာမီ ကြည်လင်သော အပြာရောင်မိုးသား ကောင်းကင်ကြီးကို တွေ့မြင်ကြရပါတော့မည်။

မှန်ပြတင်းတံခါး အပြင်ဘက်တွင်မူ တီတီတာတာ၊ ကျီကျီကျာကျာ အသံကလေးများဖြင့် ငှက်ကလေးများ နံနက်ခင်းတေးသွားကို သီဆိုနေကြပါလေပြီ။ တစ်နေ့တာ အစာရှာထွက်ရန် အချင်းအချင်း နှိုးဆော်သတိပေးနေကြသည်ဟု ထင်ပါသည်။ ပြတင်းတံခါးကို ထ၍ ဖွင့်လိုက်သည်နှင့် နံနက်ခင်းလေပြည်လေညင်းကလေးက မျက်နှာကို ထိတို့ကျီစယ်လိုက်ပါသည်။ ပန်းသတင်းလေညင်းဆောင်ဆိုသည့်အတိုင်း လေနှင့်အတူ မွှေးပျံ့သော ပန်းရနံ့ကလေးများကလည်း အာရုံကို ကြည်လင်လန်းဆန်းသွားစေပါသည်။ လေညင်းကလေးတို့က နေ့သစ်တစ်ခု မွေးဖွားရန် အားသစ်အင်သစ်များ ဆောင်ကြဉ်းလာခဲ့ကြသည် ထင်ပါ၏။ ကျွန်တော်/ ကျွန်မ၏ စိတ်ဓာတ်နှင့် နှလုံးသားတို့ တက်ကြွ နိုးကြားလှုပ်ရှားနိုးထလာပါသည်။

မျက်စိတစ်ဆုံး လှမ်းမျှော်ကြည့်လိုက်သည်နှင့် နေခြည်လာရာ ဘက်ဆီသို့ မျှော်ဖူးနေကြသော ပန်းနေကြာတို့၏ အလှကို သဘာဝကျလွန်းစွာဖြင့် တွေ့ရပြန်ပါသည်။ တစ်ညတာပွင့်ချပ်များကိုပိတ်၍ အိပ်စက်အနားယူခဲ့ကြသော သစ်ရွက်ကလေးများကလည်း နေခြည်လာသည်နှင့် အာဟာရအတွက် အစာချက်ကြရန် အသင့်စောင့်နေကြလေပြီ။ အရှေ့ရိုးမတောင်တန်းကြီးသည်လည်း ပြာရီမှိုင်းကာမို့မို့လွင်နေရာမှ အလင်းရောင် အနားသတ်လျက် ညို့ညို့ညိုကာ ဝါရည်သွေးလာပါသည်။ မြို့ဦးထိပ်က ခရေပင်ကြီးဆီတွင် ကလေးတို့ ခရေပန်းကောက်ကာ တေးဆိုနေကြပေတော့မည်။

'မောင်လေးရေ ထပါတော့
ရောင်နီလာလှပေါ့
ညီမလေးရေ ထပါတော့
ရောင်နီလာလှပေါ့
တစ်ကျော့နှစ်ကျော့တေးကိုသီ
ငှက်ကျားနှုတ်ပလီ
တောင်ဆီနားက ခရေပန်း
ပင်အောက်ကြွေလို့လန်း 'ဟူသောကဗျာကလေးကို အမှတ်ရနေမိပါသည်။

အိမ်ရှေ့လမ်းမဆီမှ 'ပဲပြုတ်' ဟူသော အသံချိုချိုကလည်း နံနက်ခင်းအာဟာရအတွက် ပိုမှန်ဆိုက်ရောက်လာပါတော့သည်။ မကြာမီ သံဃာတော်များ သပိတ်ကိုယ်စီဖြင့် အရဏ်ခံကြွလာပေတော့မည်။ ဗုဒ္ဓဘာသာတို့၏ ကြည်နူးဖွယ်

mgyoe.com

mgyoe.com


အရုဏ်ဆွမ်းလောင်းလှူသည့် မြင်ကွင်းမှာ ကျက်သရေရှိလှပါ၏။ ဆောင်းအရုဏ်တွင်မူ တစ်မူထူးစွာတွေမြင်ရတတ်ပါသည်။ စောစောအိပ်လို့၊ စောစောထလို့ စောစောလမ်းလျှောက်ကြပါစို့'ဟူသော ဆောင်ပုဒ်နှင့်အညီ နှင်းဇာပဝါကို နေခြည်ခွဲလုလု၌ ကျန်းမာရေးအတွက် လေ့ကျင့်ခန်းယူကာ လမ်းလျှောက်၊ ပြေးလွှားကြသူများ မနည်းလှပါပေ။ ကျုံးနံဘေး၊ ကန်နံဘေး၊ မြစ်ကမ်းနံဘေး၊ ပင်လယ်ကမ်းနံဘေးတွင် အရုဏ်ဦးလေ့ကျင့်ခန်း ယူနေသူများမှာ စည်ကားအားတက်ဖွယ်ဖြစ်ပါသည်။

မြစ်ပြင်ဆီတွင်လည်း စာဖွဲ့၍ မမီနိုင်သော အလှတရားများရှိနေပါသည်။ သူရိန်မင်း၏ ရောင်ခြည်နုနုကြောင့် တလက်လက် တောက်ပလာသည့် ရေပြင်တွင် လှိုင်းကြက်ခွပ်ကလေးများက အရုဏ်တေးသွားနှင့် လိုက်ဖက်စွာ ဟာမိုနီပေးနေသည့်နှယ်ရှိသည်။ ဝမ်းစာရှာ တံငါလေ့တို့ တစ်နေ့တာလုပ်ငန်းခွင်ဝင်ရန် ပြင်ဆင်နေကြပေပြီ။ ထို့အတူ လမ်းပေါ်၌ စက်ဘီးကိုယ်စီဖြင့် အလုပ်ခွင်ဝင်ရန် သွားနေကြသူများကို တွေ့ရပါသည်။ လူတန်းစားအသီးသီးတို့ တစ်နေ့တာလုပ်ငန်း တာဝန်များ ထမ်းဆောင်ကြရန် စတင်ပြင်ဆင်ခြေလှမ်းနေသော အခါသမယဖြစ်ပြီး ရောင်နီဦး၏ သစ်လွင်လတ်ဆတ်မှုနှင့်အတူ တက်ကြွရွှင်လန်းနေကြသည်ကိုလည်း တွေမြင်ရပါသည်။

အရုဏ်ဦး၏အလှသည် နုသစ်လန်းဆန်းမှုဖြင့် ကျက်သရေမင်္ဂလာအပေါင်းခညောင်းလျက်ရှိပြီး နေ့တစ်နေ့ကို အစပြုရန် အားသစ်လောင်းပေးနေသည့်နှယ်ဖြစ်ပါသည်။ လင်းအရုဏ်ကား အမှောင်ထုကို ဖြိုခွင်းရန် သဘာဝက ချီးမြှင့်လိုက်သော လက်ဆောင်မွန် တစ်ခုဖြစ်ပါသည်။ အမှောင်ဆိုသည်မှာ ရောင်နီလာလျှင်ကွယ်ပျောက်ရစမြဲပင် မဟုတ်ပါလား။ မဟူရာကောင်းကင်ပေါ်မှ စိန်ပွင့်ကလေးများသဖွယ် တလက်လက်တောက်နေခဲ့သော ကြယ်ကလေးများသည်ပင် နေရောင်ကို အံမတုနိုင်ဘဲ ကြက်ပျောက်ငှက်ပျောက်ဖြစ်သွားရပေသည်။ အရုဏ်ဦးကို မေတ္တာရှင်တစ်ပါးအဖြစ် တင်စားချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် နံနက်ခင်းတွင် နိုးထလာသည်နှင့် စိတ်ကြည်လင် ကြည်နူးမှု၏ အရသာကို မတောင်းခံရပါဘဲ ရရှိခံစားနိုင်သောကြောင့်ဖြစ်သည်။

ထို့ပြင် အရုဏ်ဦးသည် သစ္စာရှင်တစ်ပါးလည်းဖြစ်ပေ သေးသည်။ လူသားတို့သည် ငြိမ်းအေးချမ်းမြေ့မှု၊ တက်ကြွရွှင်လန်းမှုတို့ကို အလိုရှိကြသူချည်းဖြစ်သည်။ အရုဏ်ဦးတွင် မည်သည့်နေရာမှ ပေါ်လာသည်မသိနိုင်သော အင်အားတစ်ရပ်ကို လူသားတို့ ရရှိနိုင်ကြသည်။ ရဲရင့်ခြင်း၊ တက်ကြွခြင်း၊ အမြင်ကြည်လင်ခြင်း၊ စိတ်လက်ပေါ့ပါးခြင်း စသည့် အကျိုးတရားများကို အရုဏ်ဦးက ပေးသွားခဲ့သည်။

mgyoe.com

mgyoe.com


မည်သူ ဒါနသီလပျက်ပျက် သူကတော့ပျက်ကွက်ခြင်းမရှိ။ သူ့သဘာဝဝတ္တရားကို သစ္စာရှိစွာ ကျင့်ကြံခဲ့သူဖြစ်ပေရာ သူတော်စင်တစ်ပါးနှယ်ပင် တင်စားရပေသည်။

အရုဏ်ကား မျိုးချစ်စိတ်ကိုပင် နိုးကြွားစေနိုင်ခဲ့သူဖြစ်သည်။ ဆရာဒဂုန်တာရာ၏ မတ်လတော်လှန်ရေးကဗျာတွင်...

'မိုးကုပ်ကုပ်ဝယ်
အို... ရုတ်တရက်၊ မျဉ်းဖြူစက်၍
ကွဲအက်ကြောင်းရာ၊ ပတ္တမြားရည်
စီးလည်းအဟုန်၊ နီမြန်းကုန်သည်

အရုဏ်ပေါ်စ ဝိုးတဝါး 'ဟု အရုဏ်တက်စ မြင်ကွင်းကို တော်လှန်ရေးသရုပ်ဖြင့် ရေးဖွဲ့ထားခြင်းဖြစ်သည်။ ဤသို့ ကြီးကျယ်မြင့်မြတ်သော ဂုဏ်ပုဒ်များဖြင့်ရောက်ရှိလာသော အရုဏ်ဦးကို လူသားတိုင်း လှိုက်လှဲစွာ ကြိုဆိုသင့်ကြပါသည်။ နံနက်ခင်းက ပေးကမ်းစွန့်ကြဲသော ကျေးဇူးတရားများကိုလည်း ခံစားရယူအပ်ကြပါသည်။ အရုဏ်သည် သဘာဝဖြစ်စဉ်တစ်ခုသာဖြစ်ပါသော်လည်း အခြားသောရေကြီး၊ မြေပြို၊ လျှော် ဟူသည့် သဘာဝဖြစ်ရပ်များနှင့် မနှိုင်းအပ်သော လူသားလောကအကျိုးပြု ကိုယ်စားလှယ်တော်ကြီး ပင်ဖြစ်ပါသည်။

အရုဏ်ဦးသည်မေတ္တာ၏ သင်္ကေတ၊ သတ္တိ၏ပြယုဂ်၊ သူတော်ကောင်းနှင့်သူရဲကောင်းတို့၏ အသွင်သဏ္ဍာန်ဖြစ်ပေရာ အရုဏ်ဦး၏ ကျေးဇူးကို တုံ့ပြန်သင့်ပါသည်။ အရုဏ်ဦးတွင် ကြည်နူးဖွယ် သဘာဝတေးသံများနှင့်အတူ မင်္ဂလာရှိနေပြီးဖြစ်သည်။ နိုးကြားတက်ကြွသော လှုပ်ရှားမှုနှင့်အတူ ကျက်သရေရှိပြီးဖြစ်သည်။ ထိုမင်္ဂလာ ကျက်သရေအပေါင်းနှင့် ခညောင်းသော အရုဏ်ဦးကို ပိုမိုလှပခံ့ညားစေရန် ကျွန်တော်/ ကျွန်မ အားဖြည့်ရပါမည်။

ကျွန်တော်/ ကျွန်မသည် ပညာသင်ကြားနေသော ကျောင်းသား/ ကျောင်းသူတစ်ဦးဖြစ်ပါသည်။ ပညာသင်ခြင်းသည် မင်္ဂလာတစ်ရပ်ပင်ဖြစ်သည်။ ထို့ပြင်ပညာသင် ကျောင်းသား / ကျောင်းသူတစ်ဦး၏ စာအံသံသည်လည်း လောက၏အလှတစ်ပါးပင်ဖြစ်သည်။ သို့ဖြစ်ရာ 'နံနက်ချိန်ခါ သင်အံစာ ဉာဏ်မှာ ပွင့်လင်းသည်' ဟူသည့်အတိုင်း နံနက်ခင်းလင်းအရုဏ်အတွက် စာအံသံဖြင့် ထပ်ဆင့်မင်္ဂလာရှိပါစေသတည်း။

☆☆☆

mgyoe.com

mgyoe.com

# ကျေးလက်ညနေခင်း

နိဒါန်း – ညနေခင်းကို ဘယ်လိုခေါ်သလဲ။ ညနေခင်းကလေးကို စပြီး သရုပ်ဖော်ကြည့်ပါ။

စာကိုယ် – ဆည်းဆာချိန် ကျေးလက်ပန်းချီကားမှာ ဘာတွေပါသလဲ၊ တွေးမြင်မိသမျှချရေးပါ။

– နွားကျောင်းသားတွေ ဘာလုပ်ကြသလဲ

– ငှက်ကလေးတွေ ဘယ်လိုပြန်ကြသလဲ၊

– ရွာလယ်တလင်းပြင်မှာ လူငယ်တွေ ဘာလုပ်ကြသလဲ

– ကွင်းပြင်ကြီးထဲမှာ ကလေးတွေ ဘာလုပ်ကြသလဲ

– ကောင်းကင်ပေါ်က တိမ်စိုင်တိမ်လိပ်တွေကို သရုပ်ဖော်ပြပါ။

– ကျေးလက်လုံမပျိုကလေးတွေ ရေခပ်ဆင်းပုံ မြင်ကွင်းကို သရုပ်ဖော်ပါ။

– သစ်ပင်သစ်ရွက်တွေက ဘာလုပ်ကြသလဲ

– ဆည်းဆာကို ဘယ်လိုတွေ တင်စားကြသလဲ

– ဘာအသံတွေကို ကြားရသလဲ

– အနောက်ဘက်မှာ ဝင်သွားတဲ့ နေမင်းကြီးကို ပေါ်လွင်အောင် သရုပ်ဖော်ပြပါ။

– ဆည်းဆာချိန်နဲ့ လူ့ဘဝကို နှိုင်းယှဉ်ပြပါ။

နိဂုံး – ကျေးလက်ညနေခင်း၏ လှပသော အပြုံးများနှင့် ပျော်ရွှင် ရယ်မောသံတို့ကို ဖော်ပြပါ။

– နေမင်းကို မည်သို့ နှုတ်ခွန်းဆက်လိုက်မည်နည်း။

mgyoe.com

mgyoe.com

# ကျေးလက်ညနေခင်း

ဤကမ္ဘာလောကကြီးတွင် လူသတ္တဝါအရာခပ်သိမ်းတို့၌ တာဝန်ကိုယ်စီရှိကြပေသည်။ တာဝန်ကို ကိုယ်စီကိုယ်င ထမ်းဆောင်နေကြပေသည်။ ထိုအထဲတွင် သူရိန်နေမင်းသည်လည်း ပါဝင်ပေသည်။ သူသည် တစ်နေ့တာ တာဝန်ကို ထမ်းဆောင်သည်။ တစ်ညတာအတွက် သော်တာလမင်းကို တာဝန်လွှဲပေးသည်။ အမှန်စင်စစ်မှု နေမင်းနှင့် လမင်းတို့သည် အိပ်စက်အနားယူချိန်မရှိရှာပါ။ ကမ္ဘာအရှေ့ခြမ်းနှင့် အနောက်ခြမ်းကို တစ်လှည့်စီတာဝန်ယူကြခြင်းဖြစ်သည်။ နေမင်းက လမင်းထံမှ တာဝန်လွှဲယူချိန်ကို နံနက်ခင်းအရုဏ်ဟုခေါ်ကာ လမင်းက နေမင်းထံမှ တာဝန်လွှဲယူချိန်ကို ညနေခင်းဆည်းဆာဟု ခေါ်ပါသည်။ ညနေခင်းကား နေ့နှင့်ည ကူးပြောင်းသော ကာလပင်ဖြစ်ပေသည်။

ကျွန်တော်သည် အနောက်ကမ္ဘာခြမ်းဆီသို့ ကူးပြောင်းနိုင်ရန် အနောက်ဘက်မိုးကုပ်စက်ဝိုင်း၏အဆုံးသို့ တဖြည်းဖြည်း မသိမသာ တိုး၍တိုး၍ ဝင်နေသော ပုစွန်ဆီရောင် ဘောလုံးကြီးတစ်လုံးကို မြင်နေမိပါသည်။ အခြားကမ္ဘာဆီသို့ ရောင်ခြည်ကို ဖွဲ့၍ ပေးရသဖြင့် တောက်ပထွန်းလင်းမှုများ တစ်စထက်တစ်စ လျော့ပါးလာကာ ပုစွန်ဆီရောင် ပေါက်နေခဲ့ပြီ ဖြစ်သော်လည်း သည်ကမ္ဘာကို သည်အတိုင်းမထား၊ သူ့သဘာဝအလှတရားကို အစွမ်းကုန်အားဖြည့်လျက်ရှိသည်။ လူတွေကိုလည်း သည်အတိုင်းမထား၊ သူ့တစ်ခဏ အစွမ်းအစတို့ကို ရှုစားအားကျစေပါသည်။

အလင်းနှင့်အမှောင်ဟူသော စွမ်းအင်နှစ်ပါးအားပြိုင်ရာ အချိန်ကာလတစ်ခုကို ဆည်းဆာဟုခေါ်တွင်ရာ၌ အကြောင်းရှိပါသည်။ နေ့တစ်နေ့၏အဆုံးနှင့် ညတစ်ည၏အစကို ဆည်းတားကာ ဇာပဝါ ခြားလိုက်သည်နှင့် တူသောကြောင့် ဆည်းဇာ...၊ ထိုမှ ဆည်းဆာဟု ရွေ့လျားပြောင်းလဲလာသည်ဟု ဆိုသူကဆိုပါသည်။

mgyoe.com

mgyoe.com



အချို့ကလည်း ဆည်းဆာဟူသည် တစ်နေ့တာလုပ်ငန်းဆောင်တာများ သိမ်းဆည်းပြီး ဆာလောင်မွတ်သိပ်စွာ အိမ်ပြန်ကြသော အချိန်မို့ဆည်းဆာဟု ခေါ်သည်ဟုလည်း ဆိုကြပါသည်။ မည်သို့ပင်ဖြစ်စေ ဆည်းဆာချိန်သည် ကျေးလက်ပန်းချီကား တစ်ချပ်တွင် ဝင်လုဆဲဆဲ နေလုံးအား အပြည့်အဝ ဆွဲထည့်သွင်းထားပြီး နွားသိမ်း၊ ရေခပ်၊ လယ်တောအပြန်၊ ရွှေရောင် စပါးခင်းနှင့် ငှက်များအုပ်ဖွဲ့ ပျံသန်းအိပ်တန်းပြန်နေပုံများကို လိုအပ်သလို စိတ်ကြိုက်ထည့်သွင်းရေးဆွဲနိုင်ပါသည်။

ကျေးလက်၏ညနေခင်းကား ချမ်းမြေ့စရာ ကောင်းလှပါဘိတော့သည်။ နွားကျောင်းသားတို့ နွားသိမ်းပြီး အိမ်အပြန် ဖုန်လုံးတွေ တလိမ့်လိမ့်တက်လာပုံကို မြင်ယောင်မိပါသေးသည်။ ကောက်စိုက်သမတောင်သူဦးကြီးတို့ လယ်တောမှ ခြေကျင်တစ်မျိုး၊ နွားလှည်းနှင့်တစ်ဖုံ ပြန်လာကြပုံ ရှုခင်းကိုလည်း ထည့်သွင်းရေးဆွဲရပေမည်။ မြစ်ချောင်းပင်လယ်ဆီမှ တံငါလှေတို့ ပိုက်သိမ်း၍ အိမ်ပြန်လာချိန်လည်း ဖြစ်ပါတော့သည်။ ကမ်းနဖူးမှ လှမ်းမျှော်နေသော အိမ်ရှင်မများ၏ လည်တိုင်တို့က ဆန့်လျက် ရှိနေပေသည်။ ရွှေရောင်တောက်နေသော စပါးခင်းကြီးအပေါ်တွင် အုပ်ဖွဲ့ပျံသန်းသွားကြသော ငှက်ကလေးများကလည်း အတောင်ပံခတ်လျက် စီတန်းလျက်ရှိသည်။ ဆည်းဆာသည် တစ်နေ့တာ၏ နောက်ဆုံးအချိန်ဖြစ်လင့်ကစား မိသားစုများ ခွဲခွာနေရာမှ ပြန်လည်ဆုံဆည်းခြင်း၏ အစဖြစ်ပေသည်။

ရွာလယ်တလင်းပြင်တွင်မူကား ခြင်းခတ်နေကြသော လူကြီး လူလတ် လူငယ်အစွယ်စုံကို တွေ့ရပါသည်။ ကလေးများကတော့ ကွင်းပြင်ကျယ်ကြီးတွင် ဘောလုံး ကန်ဆော့ကစားနေကြပါသည်။ အပျိုမကလေးတို့သည် ရေအိုးကိုယ်စီဖြင့် လှုပ်လီလှုပ်လဲ့ ရေခပ်ဆင်း လာကြပေပြီ။ ကိုရွှေကာလသားများမှ ပလွေသံ တကျူကျူဖြင့် ချစ်တေးသီနေကြလေသည်။

ညနေခင်းဆည်းဆာကို အားဖြည့်ကူညီသူကတော့ လေပြည်လေညင်းကလေးများ ဖြစ်ပါသည်။ ဆည်းဆာလေပြည်သည် မောပန်းနွမ်းနယ်လာသူတို့အတွက် အေးမြလန်းဆန်းသွားစေရန် သဘာဝက တာဝန်ပေးခြင်းခံရသူဖြစ်ပေသည်။ လေပြည်အဝှေ့တွင် တောင်ပေါ်စေတီမှ ဆည်းလည်းသံ ချိုလွင်လွင်ကိုလည်း တစ်ချက်တစ်ချက် သောတဆင်နိုင်ပါသည်။ စေတီထိပ်ဖျားမှ စိန်ဖူးတော်သည် နေရောင်ခြည်နုနုအောက်တွင် လင်းလက်တောက်ပနေတော့သည်။ ညနေရီချမ်းကား လွမ်းမောဖွယ်ရာ ပန်းချီကားတစ်ချပ်လည်း ဖြစ်သည်။

ဆည်းဆာ၏ အလှတရားကို ထပ်ဆင့်အားဖြည့်ထားသည်မှာကား တိမ်စိုင်

mgyoe.com

mgyoe.com


တိမ်လိပ်များပင်ဖြစ်သည်။ နေညိုညိုတိမ်တောက်ချိန်မို့ ကောင်းကင်ပြင်ဝယ် ရွှေအနားကွပ်ထားသော တိမ်သားတို့ တင့်တယ်စွာ ရှိနေပေသည်။ မိုးပြာရောင်နောက်ခံကားချပ်ကြီးပေါ်၌ ဆည်းဆာက မီးမောင်းထိုးကာ တိမ်သလ္လာတို့ကပြအသုံးတော်ခံနေသည့် သဘာဝဇာတ်ခုံကြီးဟု ဆိုနိုင်ပါသည်။ ဆည်းဆာ၏ တိမ်အလှကို စာဆိုတော်ကြီး ရှင်ဥတ္တမကျော်၏ တောလားက ဤသို့ အစွမ်းကုန် ခြယ်သခဲ့သည်။

'တိမ်ညိုမိုလ္လာ၊ တိမ်စူကာနှင့်
တိမ်ပြောရောယှက်၊ မရန်းဖက်၍
တိမ်သက်တန့်ရောင်၊ အဝါပေါင်ဝယ်
မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တစ်ချို့
ညိုခဲ့တစ်လီ၊ ရီခဲ့တစ်ဖုံ
မှုန်ခဲ့ တစ်ချက်၊ ယုဂန်ထက်က
လေးဘက်လုံးခြုံ၊ တိမ်ဂငွေ့နှံလည်း
နဂါးရုံကြွေ့၊ ရန်ချင်းတွေ့သော်
ခိုးငွေ့လွှတ်ပြိုင်၊ ဝုဏ်ချင်းဆိုင်ခဲ့ 'ဟူ ၍ ဖြစ်သည်။

ပိတောက်ရောင်ကောင်းကင်၏ အောက်မြစ်ပြင်တွင် ရွှေအိုရောင် လှိုင်းကြက်ခွပ်ကလေးများက ဆည်းဆာအလှကို ဖြည့်စွက်ကြသည်။ မြစ်ကမ်းနဖူးတွင် သီချင်းတကြော်ကြော်သီရင်း ရေခပ်ဆင်းသော ကျေးလက်လုံမပျိုတို့ကား ထဘီတိုတို ရေစိုစိုနှင့် ကပိုကရို လှပပါပေသည်။ ထို့ကြောင့်လည်း ရှင်မဟာရဋ္ဌသာရ၏ ပျို့၌ 'ညနေရီတွင် ရတ်ခြည်းမြင်သည် ရွှေရင်ပြုံးတုံ့၊ မပြုံးတုံ့ 'ဟု စပ်ဆိုခဲ့ခြင်း ဖြစ်သည်။

ပင်အိုထက်ဆီမှ အိပ်တန်းတက်တော့မည့် ငှက်ကလေးတို့၏ အသံတစာစာကိုလည်း ကြားရပါသည်။ တစ်နေ့တာ အစာချက်လုပ်ရာမှ အနားယူအိပ်စက်တော့မည့် သစ်ရွက်ကလေးများကမူ ရွက်ချပ်မျက်လွှာကို ပိတ်လိုက်ကြလေပြီ။ ပုစဉ်းရင်ကွဲသံတို့ကလည်း နေဝင်တော့မည့်အရေး ဆူညံအော်ဟစ်ရင်း ဆန္ဒပြနေကြသည့်နှယ်ဖြစ်သည်။ အနောက်ဘက်မိုးကုပ်စက်ဝိုင်းတွင်မူ တဖြည်းဖြည်း နိမ့်ဆင်းသွားသော နေမင်းကြီးကား လွမ်းမောတမ်းတဖွယ်ရာတည်း။

ညနေခင်းဆည်းဆာအလှကား အနုပညာ၊ စာ၊ ကဗျာတို့ဖြင့် ခြယ်သမကုန်နိုင်အောင်ရှိသည်။ ဆည်းဆာကို အကျည်းတန်လှချိန်ဟုလည်းဆိုသည်။ အရုံရာမှုန်ရီပိုးတဝါးဖြင့် ဆည်းဆာ၏ အဓိပ္ပာယ်ကို ညီအစ်ကို မသိဗာသိအချိန်ဟုလည်း

mgyoe.com

mgyoe.com


တင်စားဖွဲ့ဆိုကြသည်။ ရာဇဝင်သမိုင်းများတွင် 'တောင်စွယ်နေကွယ်ချိန်' ၌ မင်းပြစ်မင်းဒဏ်ခံရသူများကို အဆုံးစီရင်လေ့ရှိသည်။ လူ့ဘဝ၏ နောက်ဆုံးအချိန်သို့ ရောက်လျှင် နေဝင်ချိန်ရောက်ပြီဟု ဆိုကြသည်။ မည်သို့ပင်ဖြစ်စေ... ဆည်းဆာကတော့ သူ့အချိန်နှင့်သူ၊ သူ့တာဝန်နှင့်သူ၊ မပျက်မကွက်၊ အလှည့်အပြောင်းဖြင့် အလှအပေါင်းတို့ စုဆောင်းပုံဖော် နေဦးမည်သာ ဖြစ်သည်။

ကျေးလက်ညနေခင်းကား စိတ်အေးကြည်သာရှိလှပါပေသည်။ တာဝန်ပြီးဆုံးချိန်ဖြစ်သည်မို့ မျက်နှာပြင်ဝယ် အပြုံးပန်းကိုယ်စီ ရှိနေကြသည်။ မိန်းမပျိုတို့မှာလည်း သနပ်ခါးပါးကွက်ကျားနှင့် နေရီရီဝယ်၊ နှင်းဆီရောင်ပြေးနေသည့် မျက်နှာကလေးများနှင့် ရှုမဝချင့်စရာဖြစ်သည်။ ချွေးတရွဲရွဲနှင့် ကစားရာမှ အိမ်ပြန်လာကြသော ကလေးငယ်များမှာလည်း ပျော်ရွှင်ရယ်မောစွာဖြင့် အားရကျေနပ်နေကြသည်။

မကြာမီ အမှောင်ထုက ဖုံးလွှမ်းလာတော့မည်။ နေမင်းကြီးကား ငုပ်လျှိုးဝင်သွားပေတော့မည်။ ဤသည်ကို မည်သူမျှ တားဆီး၍မရ၊ သဘာဝ၏အလှည့်အပြောင်းကို လွန်ဆန်၍ ရကောင်းသည်မဟုတ်၊ သို့ဆိုလျှင် ညနေခင်းကို နှုတ်ခွန်းဆက်သလိုက်ကြပါစို့။

☆☆☆

mgyoe.com

mgyoe.com

# ညအခါလသာသာ

နိဒါန်း – လသာသာညကို မြင်ယောင်ပုံဖော်ကြည့်မိပါသလား။ ကလေးဘဝက ရွတ်ဆိုခဲ့တဲ့ ကဗျာလေးနဲ့ နိဒါန်းဖွင့်ပါ။

စာကိုယ် – ကောင်းကင်ကို စတင်သရုပ်ဖော်ပါ။ ကြယ်ကလေးတွေကို မမေ့ပါနဲ့။ လမင်းကိုလည်း အလှပဆုံးတင်စားကြည့်ပါ။

– ငယ်ငယ်က ဖိုးလမင်းဆီက ဘာကို တောင်းခံကျွေးခဲ့သလဲ။ မှတ်မိသမျှရေးပါ။

– ဆန်ဖွတ်သည့်အဘိုးအိုကို ရှာခဲ့ဖူးသလား။

– လသာတဲ့ညတလင်းပြင်မှာ သူငယ်ချင်းတွေနဲ့ ဘာလုပ်ခဲ့ဖူးသလဲ။ ပြန်တွေးပြီးရေးပါ။

– လူကြီးတွေကရော လသာတဲ့ညမှာ ဘာတွေထိုင်လုပ်ကြသလဲ။

– လသာတုန်း ဗိုင်းငင် ဆိုတာဘာလဲ။

– လူငယ်၊ လူရွယ်တွေကရော... လသာသာမှာ ဘာလုပ်ကြသလဲ။

– တွေ့ဖူးသမျှ ကြားဖူးသမျှတွေ ရေးပြပါ။

– ကိုဝလုံးကဗျာကို ရသလား၊ ချရေးပါ။

– လပြည့်ညတွေအကြောင်း ရေးပြပါ။

– အရေးကြီးတဲ့ လပြည့်ညတွေကို ရွေးချယ်ပါ။

– ကဆုန်၊ ဝါဆို၊ သီတင်းကျွတ်၊ တန်ဆောင်မုန်း၊ တပို့တွဲနဲ့ တပေါင်း လပြည့်ညတွေမှာ ဘာလုပ်ကြသလဲ၊ ခွဲခြားရေးပြပါ။

– လသာသာ စေတီရင်ပြင်ပေါ်က မျှော်ကြည့်လို့ရတဲ့ မြင်ကွင်းကိုရေးပါ။

– စေတီရဲ့ သပ္ပာယ်ပုံကိုလည်းရေးပါ။

နိဂုံး – လသာသောညကလေး ကုန်ဆုံးသွားပုံကို နှမြောစဖွယ်ရေးပြပါ။

mgyoe.com

mgyoe.com

# ညအခါ လသာသာ

ကျွန်တော်/ကျွန်မတို့သည် ငယ်စဉ်ကလေးဘဝ သူငယ်တန်းပညာကို စတင်သင်ကြားခွင့်ရသည်နှင့် ဤစာတန်းကလေးကို ရွတ်ဆိုခဲ့ကြပါသည်။ 'ညအခါ၊ လသာသာ၊ ကစားမလား၊ နားမလား' ဟူ၍ ဖြစ်သည်ကို မှတ်မိနေကြပါလိမ့်မည်။ ညအခါသို့ ရောက်ပါပြီ။ ရွှေလကလည်းသာနေပါသည်။ ကျွန်တော်/ကျွန်မတို့ ဘာလုပ်ကြမည်နည်း။ ကစားကြမည်လား။ အနားယူကြမည်လား။ အခြားသူများက ရော ဘာလုပ်ကြမည်နည်း။ လသာသာညကို ပုံဖော်၍ မြင်ယောင်ခံစားကြည့်လိုက်မိပါသည်။

ကောင်းကင်တွင် ကြယ်တာရာနက္ခတ်သဘင် ဆင်နွှဲပေတော့မည်။ ကြယ်စင်မင်းသမီးလေးတို့က ခရမ်းရင့်ရောင်သွေး၊ လိုက်ကာရှေ့တွင် အပျိုတော်အကကို စထွက်လာကြသည်။ ညီညီညာညာတော့ မဟုတ်။ ဟိုတစ်စု သည်တစ်ကွက်ဖြင့် ရှိနေသည်။ နတ်သမီးကား မပေါ်လာသေး။ အနောက်ဘက် ကောင်းကင်ဆီတွင် ရောင်နီနုနုက အရှိန်ဟပ်နေဆဲဖြစ်သည်။ အရှေ့ဆီမှူကား ဖြူလွဲလွဲအလင်းရောင် ကလေးကို တွေ့နေရသည်။ မကြာပါ။ မင်္ဂလာအပေါင်းနှင့် ပြည့်စုံလှသော စန္ဒာနတ်သမီး၏ လင်းရောင်ခြည်များ လူ့လောကကမ္ဘာမြေဆီသို့ ဖြန့်ကြက်ကျရောက်ပေတော့မည်။ လသာသော ညချမ်းချိန်ခါ ဖြစ်ပါတော့သည်။

ကျွန်တော်/ကျွန်မသည် လသာသော ညပေါင်းများစွာကို ဖြတ်ကျော်ခဲ့ပြီးဖြစ်သည်။ ကျွန်တော်/ကျွန်မငယ်စဉ်က 'ဖိုးလမင်းရေ… ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ ပေးပါ ဝါ – ဝါ – ဝါ 'ဟု ဆိုကာ ဖိုးလမင်းကြီးထံမှ မေမေတောင်းခံကျွေးမွေးသော ထမင်းဆီဆမ်းကို စားခဲ့ရပါသည်။ ရွှေလမှာ ယုန်ဝပ်၍ ဆန်ဖွပ်နေသည့် အဘိုးအို၏ ရုပ်ပုံလွှာကို အသည်းအသန် ရှာဖွေစူးစမ်းရင်း အငိုလည်းတိတ်ခဲ့ရဖူးပါသည်။ မေမေ့ရင်ခွင်ကို ထိုင်ခုံလုပ်ကာ ငုတ်တုတ်နားထောင်ခဲ့ရဖူးသော ဖိုးလနတ်သားပုံပြင်

mgyoe.com

mgyoe.com


ကိုလည်း ယနေ့ထက်တိုင် အမှတ်တရ ဖြစ်နေပါသေးသည်။ လသည် ကလေးများ၏ ချစ်သူပင်ဖြစ်တော့သည်။

အရွယ်ရောက်လာသောအခါ ကျွန်တော်/ ကျွန်မတို့သည် ဖိုးရွှေလကို မျှော်လင့်တတ်လာကြပြန်သည်။ ရွာလယ်တလင်းပြင်တွင် လသာသောညဌ် သူငယ်ချင်းများ စုမိကြသည်။ ထုပ်ဆီးတိုး၊ ဖန်ခုန်သူခုန်၊ ကြက်ဖခွပ်သူခွပ်၊ လိပ်ဥဝှက်သူဝှက်နှင့် ဆူညံစွာ ကစားကြပါသည်။ ဖိုးလမင်းက ပြုံးပြုံးကြီးကြည့်ကာ ဩဘာပေးရင်း ကျေနပ်နေခဲ့သည်ဟု ကျွန်တော်/ ကျွန်မ ထင်ပါသည်။

လသာသာညတွင် လူကြီးသူမများက အိမ်ရှေ့ကွပ်ပျစ်ပေါ်၌ စုဝေးထိုင်ကြရင်း ရေနွေးကြမ်းသောက်၊ ပဲလှော်ဝါး၊ လက်ဖက်စားကာ စကားပြောနေကြပါသည်။ ဘာသာရေး၊ လူမှုရေး၊ ရှေးဟောင်းနှောင်းဖြစ်တို့ကိုပြောရင်း တဝါးဝါး ရယ်မောနေကြပါသည်။ တစ်ခါတစ်ခါ ဘောလုံးပွဲအတွက် ငြင်းခုံသံများကိုလည်း ကြားရပါသည်။

'လသာတုန်းဗိုင်းငင်' ဟူသော စကားပုံရှိပါသည်။ ကျွန်တော်/ ကျွန်မတို့ ရွာကလေးတွင်မူ အမျိုးသမီးများ စုဝေးကာ လသာခိုက်... မြေပဲခွာသူတွေ၊ မောင်းထောင်သူတွေ၊ ဝါဖတ်ဗိုင်းငင်သူတွေနှင့် ပြောင်းရိုးစဉ်းသူတွေ ရှိပါသည်။ လသာသောကြောင့် အချိန်ပိုလုပ်အားဖြင့် ထွက်ကုန်တိုးစေသောအကျိုးကို ရရှိပါသည်။

လူငယ်လူရွယ်တချို့ကမူ ဂစ်တာတီး၍ သီချင်းဆိုကြပါသည်။ လစန္ဒာနှင့် ချစ်သူကို နိုင်းနှိုင်းထားသော သီချင်းများကို ရွေးချယ်လေ့ ရှိကြပါသည်။ ကျွန်တော်/ ကျွန်မတို့ ငယ်ငယ်က 'လမင်း ချစ်သူ' သီချင်းကလေးသည် အလွန်နာမည်ကြီးပါသည်။ ဖေဖေကမူ သူငယ်ငယ်က ဆိုခဲ့ဖူးသော သီချင်းကို ပြောပြပါသည်။ 'ဖိုးလမင်းကို အောင်သွယ်ခိုင်းမယ်' ဟူ၍ ဖြစ်ပါသည်။

ကျွန်တော်/ ကျွန်မတို့သည် လသာသာညများတွင် လူကြီးများကို ပုံပြောခိုင်းတတ်ကြပါသည်။ ဘိုးဘိုးက ပုံအပြောကောင်းပါသည်။ ဘိုးဘိုးပြောပြသော ပုံများမှာ ရှေးငါးရာငါးဆယ်နိပါတ်တော်မှ ဘုရားလောင်းဘဝအမျိုးမျိုးပုံပြင်များဖြစ်၍ အလွန်ပင် အကျိုးရှိလှပါသည်။ ထိုအခါမျိုးတွင် လမင်းကြီးကလည်း တော်တော်နှင့် မဝင်ပေ။ ကလေးများနှင့်အတူ ပုံပြင်ကြိုက်သူဖြစ်နေသည်လားမသိပါ။

တစ်ခါတစ်ရံမှာတော့ လ၏အလင်းရောင်အောက်တွင် ကဗျာရွတ်ကြ၊ စာကျက်ကြပါသည်။ ရွှေလမင်းကြီးက အတော်ပင်သဘောကျဟန်တူပါသည်။ ပို၍ အစွမ်းပြသည့်နှယ် တောက်ပလာသည်ဟု ထင်ရပါသည်။

mgyoe.com

mgyoe.com

အချို့သော လပြည့်ညများတွင်မူ အထူးပျော်ရွှင်ဖွယ် ကောင်းပါသည်။ အခါကြီးရက်ကြီးဖြစ်သော ကဆုန်လပြည့်ညတွင် တစ်ရွာလုံး ပျော်ရွှင်စွာဖြင့် ညောင်ရေသွန်းပွဲတော်ကို ဆင်နွှဲကြပါသည်။ ငွေသော်တာလမင်းကြီးကလည်း ကောင်းကင်မှ ငုံ့ကြည့်ကာ ကောင်းချီး ဩဘာပေးလျက်ရှိပါသည်။

ဝါဆိုလပြည့်ညတွင်မူ လသာသာ၌ ရွာဦးကျောင်းဆရာတော်၏ အသံ ဝါဝါဖြင့် ရွတ်ဖတ်ဟောကြားသော တရားတော်များကို ကြားနာကာ သီလဆောက် တည်ကြပါသည်။ ဖိုးရွှေလကလည်း မျက်တောင်တစ်ချက်မခတ်ဘဲ မြတ်ဗုဒ္ဓ၏ တရားတော်များကို ကြားနာနေသယောင်ရှိပါသည်။

သီတင်းကျွတ်လပြည့်ညတွင်မူ ဆီမီးများ ထိန်ထိန်ညီးအောင် ပူဇော်ကာ လသာသာတွင် အိုးစည်ဒိုးပတ်များဖြင့် တပျော်တပါး ကခုန်ခဲ့ကြပါသည်။ တာဝတိံသာရှိ စူဠာမဏိစေတီတော်ကို ရည်မှန်းကာ ကောင်းကင်ယံဆီသို့ တက်လာ သော မီးပုံးပျံကြီးများကို စန္ဒာလမင်းက အပြုံးဖြင့် ဆီးကြိုနေသည့်နှယ် ထင်ရပါ သည်။

တန်ဆောင်မုန်းလပြည့်ညတွင်ကား ကျွန်တော်/ကျွန်မတို့အတွက် ပျော် စရာအကောင်းဆုံး ဖြစ်ပါသည်။ သူခိုးနက္ခတ် ထွန်းလင်းသည်ကို အစွဲပြုကာ ကျီးမနိုး ပွဲ ကျင်းပကြပါသည်။ ထိုညတွင် တစ်ရွာလုံး မအိပ်ကြပါ။ အပျော်သဘောဖြင့် တစ်အိမ်က ပစ္စည်းများကို မ ရွှေ့ကာ တစ်အိမ်သို့ ပို့ကြပါသည်။ ကာလသားများ ကလည်း စုပေါင်း၍ ချက်ပြုတ်စားသောက်ကြပါသည်။ ဖိုးရွှေလမင်းကြီးကလည်း တဝင်းဝင်းဖြင့် ကြည်နူးပျော်ရွှင်နေသည်ဟု ထင်ရပါသည်။

တပို့တွဲလပြည့်ညတွင်လည်း ပျော်ရွှင်ဖွယ် ထမနဲပွဲရှိပါသည်။ အိမ်တိုင်းလို လို ထမနဲထိုးကြပါသည်။ ရွာသူရွာသားများ စုပေါင်း၍လည်း ထမနဲထိုးပါသည်။ ဖိုးရွှေလကိုလည်း ဦးဦးဖျားဖျား ထမနဲဆက်သကြပါသေးသည်။

တပေါင်းပြည့်ည၌မူ ရွာဦးစေတီပွဲတော်ကို ခြိမ့်ခြိမ့်သဲသဲ ကျင်းပပါသည်။ သာယာသော နွေဦးရာသီဖြစ်သဖြင့် ငွေစန္ဒာလမင်းက တိမ်ဖြူကင်းစင်သော ကောင်းကင်တွင် အစွမ်းကုန် ထွန်းလင်းတောက်ပကာ ပွဲတော်ညအား အေးမြမှုများ ဖြည့်ဆည်းပေးနေပါသည်။

လသာသောညများ၌ စေတီရင်ပြင်တော်ပေါ်မှ မျှော်ကြည့်လိုက်ပါက လရောင်အောက်တွင် ရွှေဝါရောင် ကော်ဇောကြီးများ ဖြန့်ခင်းထားသလို ကျယ်ပြန့် သော လယ်တောကြီးများကို တွေ့ရပါသည်။ နွေစပါးတို့ ရင့်မှည့်ကြလေပြီ။ ည၏

mgyoe.com

mgyoe.com


လေပြည်လေညင်းက သစ်ရွက်သံ တရှဲရှဲ၊ ဆည်းလည်းသံ တလွင်လွင်ဖြစ်အောင် သံစဉ်တီးခတ်နေသည့်နယ် ဖြစ်ပါသည်။ စေတီတော်၏ထိပ်ဖျား၌ လမင်း၏အလင်းရောင်ကြောင့် တောက်ပနေသည့် စိန်ဖူးတော်မှာ တဖိတ်ဖိတ်လက်၍ ငွေကြယ်ပွင့်များနှင့် အလှချင်းပြိုင်နေသည့်နယ် ဖြစ်ပါသည်။

အဝေးဆီမှ ကြေးစည်သံသဲ့သဲ့ ကြားရလေပြီ။ လသာသာညအ၏ ကုသိုလ်အပေါင်း သာဓုခေါ်ရန် အမျှဝေနေခြင်းဖြစ်ပါသည်။ သက်ကြီး ခေါင်းချချိန်မို့ 'အောက်အီအီးအွတ်' ဟူသော ကြက်ဖကြီး၏ အသံကိုလည်း ကြားရပါသည်။ ကျွန်တော်/ကျွန်မတို့ ရွာကလေး လသာသောညအ၏အရသာကို ပြည့်ဝစွာခံစားရင်း အိပ်မောကျကြလေပြီ။ ကျွန်တော်/ကျွန်မကား ကိုယ့်ရွာကိုယ့်ဒေသ၏ လသာသာညအခါကို ဘယ်တော့မှ မေ့နိုင်မည်မဟုတ်ပါ။

☆☆☆

mgyoe.com

mgyoe.com

# ကျောင်းသွားကျောင်းပြန်မြင်ကွင်း

နိဒါန်း – ဘယ်မှာ ကျောင်းတက်သလဲ။ ကိုယ့်ကျောင်းရဲ့ တည်နေရာကို အရင် ရေးပြပါ။

စာကိုယ် – ကိုယ့်အိမ်က ဘယ်မှာလဲ၊ နေရာကိုလမ်းညွှန်ပါ။ ကိုယ်နေတဲ့ မြို့ကို ဖော်ပြဖို့ မမေ့ပါနဲ့။

– အိမ်နဲ့ ကျောင်းကို ဘာနဲ့ သွားပြန်သလဲဆိုတာ အရေးကြီးပါတယ်။

– အချိန်ကလည်းအရေးကြီးပါတယ်၊ကျောင်းတက်ကျောင်းဆင်းချိန်ကို ရေးပြပါ။

– အိမ်က စအထွက် ဘာတွေ့ရသလဲ၊

– လမ်းမှာ ဘာတွေတွေ့ရသလဲ၊

(တစ်ယောက်နဲ့တစ်ယောက်ရေးတာ တူမှာမဟုတ်ပါ။အဓိကကျတာက လူတွေစည်ကားပုံ၊ သွားလာနေကြပုံ၊ ရောင်းဝယ်နေကြပုံတွေပါ ရပါမယ်)

– ထူးခြားမှုရှိတဲ့ နေရာတွေကို ဖြတ်သွားရကြောင်း ရေးပြပါ။ (ဥပမာ တန်ခိုးကြီးဘုရား၊ ကျုံး၊ မြို့ရိုး... စသဖြင့် )

– အမြဲတမ်းတွေ့နေကျ ဘာရှိသလဲ။အတွေးစိတ်ကူးကလေးတွေကို ထည့် ရေးပေးပါ။

– ဘာတွေကို သတိထားရသလဲ။ ဘာတွေကို ရှောင်ရသလဲ။

– စိတ်အနှောင့်အယှက်ဖြစ်တာရှိရင် ရေးပါ။

– စိတ်ကြည်နူးရတာမျိုးကိုလည်း ရေးပြပါ။

– ကျောင်းကိုရောက်တဲ့အထိ သရုပ်ဖော်ပြပါ။

နိဂုံး – အပြန်လမ်းနဲ့ နိဂုံးချုပ်ပါ။ အပြန်လမ်းမှာ အသွားနဲ့မတူတဲ့ ထူးခြားမှု ရှိရင်ထည့်ရေးပါ။

မှတ်ချက်။ ။ ဒီစာစီစာကုံးက နမူနာဖြစ်ပါတယ်၊ ကိုယ့်ကျောင်းသွား ကျောင်း ပြန်မြင်ကွင်းကို ကိုယ်တိုင်သရုပ်ဖော်ရေးကြည့်စေလိုပါတယ်။

mgyoe.com

mgyoe.com

# ကျောင်းသွားကျောင်းပြန်မြင်ကွင်း

ကျွန်မသည် မန္တလေးမြို့ရှိ အမှတ်(၈) အခြေခံပညာ အထက်တန်းကျောင်းတွင် ပညာသင်ကြားနေသူ ဖြစ်ပါသည်။ ကျွန်မ၏ကျောင်းသည် မန္တလေးမြို့တွင် နာမည်ကြီးသော ကျောင်းတစ်ကျောင်းဖြစ်သည့်အပြင် မိန်းကလေးများသာ သီးသန့်ထားသော ကျောင်းဖြစ်ပါသည်။ ကျောင်းသည် မန္တလေး အောင်မြေသာဇံမြို့နယ်တွင် တည်ရှိပြီး ကျယ်ဝန်းသော ကျောင်းဝင်းနှင့် ခိုင်ခံ့သော ကျောင်းဆောင်ကြီးများ ရှိပါသည်။ မန္တလေးမြို့လယ်ဟု ဆိုနိုင်သော နေရာဖြစ်ပြီး ၂၄လမ်းနှင့် ၂၅လမ်း အကြား၊ ၈၂ လမ်းနှင့် ၈၃လမ်း အကြားရပ်ကွက် တစ်ရပ်ကွက်စာမျှ ရှိပါသည်။

မန္တလေးမြို့တွင် မြို့နယ်တစ်မြို့နယ်သည် အလွန်ကျယ်ဝန်းပါသည်။ ကျွန်မသည် အောင်မြေသာဇံမြို့နယ်၊ မဟာဇေယျဘုံ ရပ်ကွက်တွင် နေထိုင်သူဖြစ်ပါသည်။ မြို့နယ်ချင်း တူသော်လည်း အိမ်နှင့်ကျောင်းမှာ အလှမ်းဝေးပါသည်။ အလယ်ကောင်တည့်တည့်တွင် ကျုံးမြို့ရိုးကြီးက ခံထားပါသည်။ ကျွန်မတို့ကျောင်းသည် စည်းကမ်းကြီးသော ကျောင်းဖြစ်သဖြင့် ကျောင်းနောက်ကျခြင်းကို လုံးဝခွင့်မပြုပါ။ ထို့ကြောင့် ကျောင်းချိန်မီရန်အတွက် အိမ်မှစောစောထွက်ရပါသည်။ ကျွန်မကို ယခုနှစ်သတ္တမတန်းအရောက်၌ အိမ်က စက်ဘီးကို အပြင်သို့ စီးခွင့်ပြုခဲ့ပါသည်။ ထို့ကြောင့် ကျောင်းသို့ စက်ဘီးဖြင့် တက်ရပါသည်။

ကျောင်းတက်ချိန်မှာ နံနက် ၉ နာရီဖြစ်သော်လည်း ပထမခေါင်းလောင်းမှာ ၈နာရီ ၄၅ မိနစ်တွင် ထိုးပါသည်။ ထိုအချိန်ကို အမီရောက်ရပါသည်။ ကျွန်မသည် အိမ်မှ ၈နာရီတိတိတွင် ထွက်ပါသည်။ စက်ဘီးရှေ့မှ ခြင်းထဲတွင် ထမင်းဘူးနှင့် လွယ်အိတ်ကို ထည့်ပါသည်။ အိမ်မှာ အောင်တော်မူဘုရားနှင့် နီးပါသည်။ ဘုရား၏ အရှေ့မှ စက်ဘီးကို နင်းဖြတ်၍ လာရပါသည်။ ကျွန်မ ကျောင်းလာချိန်တွင် ဘုရားရှေ့၌ ပန်းသည်များ ရောက်ရှိနေပြီ ဖြစ်ပါသည်။ စောစောစီးစီးကောက်၍ သီထားပြီး

mgyoe.com

ရောင်းသော ခရေပန်းသည်ကလေးကို ဘုရားရှေ့တွင် နေ့စဉ်တွေ့ရပါသည်။ တစ်ခါ တစ်ရံ ကျွန်မ ခရေပန်းဝယ်ပါသည်။ ကျွန်မတို့ ကျောင်းမှ ဘုရားခန်းတွင် သွား၍ လှူရန်ဖြစ်ပါသည်။ ထိုသို့ဘုရားကိုလှူရန်မှာ အတန်းအလိုက် ကျောင်းမှ ရက်များ သတ်မှတ်ပေးထားပါသည်။ အချို့က ပန်း၊ အချို့ကသစ်သီး၊ အချို့က မုန့်များ ယူလာတတ်ကြပါသည်။ ကျွန်မကမူ အဆင်သင့်သော ဘုရားမှ ပန်းကို ဝယ်သွား တတ်ပါသည်။

၂၆ လမ်းအတိုင်းတည့်တည့်နင်းလာသည့် ကျွန်မသည် ၆၆ လမ်းသို့ အရောက်တွင် မန္တလေးကျုံးကြီးကို ဘွားခနဲ တွေ့လိုက်ရစမြဲဖြစ်ပါသည်။ နံနက် နေခြည်နုနုတွင် ကျုံးရေပြင်သည် ရွှေရောင်လဲ့လဲ့တောက်နေသည်ကို တွေ့ရပါသည်။ မြို့ရိုး၊ သူရဲခို၊ ပြသာဒ်တို့မှာလည်း လမ်းတစ်လျှောက်လုံး ကျွန်မ၏ မြင်ကွင်းထဲ၌ ရှိနေပါသည်။ ထိုကျုံး ထိုမြို့ရိုးကြီးများသည် မကြာသေးသောကာလ၌ ကျွန်မတို့မြို့ တွင် မြန်မာဘုရင် စိုးစံတော်မူသွားခဲ့ကြောင်း သက်သေပြနေပါသည်။ တစ်ခါက မြနန်းစံကျော် ရွှေနန်းတော်ကြီးနှင့် ရတနာပုံ ရွှေမြို့တော်ကြီးအား မြင်ယောင်မှန်းဆ မမြင်ဖူးသော်လည်း လွမ်းမောတမ်းတသလို ဖြစ်ခဲ့ရပါသည်။ ဤသည်မှာ ကျုံးနံဘေး ၂၆ လမ်းပေါ်တွင် အရှေ့မှအနောက်သို့ စက်ဘီးစီးသွားတိုင်း ကျွန်မခံစားရသော ခံစားမှု ဖြစ်ပါသည်။

ကျုံး၏တစ်ဖက်သည် နှစ်မိုင်ရှိရာ ကျွန်မသည် နှစ်မိုင်ခရီးကို စက်ဘီးစီး လာရင်း ကျုံးရေပြင်ထက်သို့ ပျံတက်နေတတ်သော ရေခိုးရေငွေ့များ၏ အငွေ့ အသက်ကို ရှူရှိုက်ခဲ့ရပါသည်။ ကားလမ်းပေါ်တွင်မူ လမ်း၏ ညာဘက်ကပ်လျက် စီးလာကြသော စက်ဘီးများ မနည်းလှသည်ကို တွေ့ရပါသည်။ ကျွန်မတို့လို ကျောင်းသူကျောင်းသားများမှာ အဖြူအစိမ်း တူညီဝတ်စုံဖြင့် အနောက်မှ အရှေ့သို့ လာသူလည်းရှိ၊ အရှေ့မှအနောက်သို့ သွားသူလည်းရှိ၊ လမ်းခုလတ်တွင် တောင်ဘက်ဆီသို့ ကွေ့ဝင်သွားကြသူများလည်း ရှိပါသည်။ မန္တလေးမြို့တွင် အထက် တန်းကျောင်း (၂၆) ကျောင်းရှိပြီး အလယ်တန်းကျောင်း (၁၁) ကျောင်း ရှိပေရာ မိမိနှင့် နီးစပ်သောကျောင်း၌ နေသူကနေကြပါသည်။ အချို့ကလည်း ကျွန်မကဲ့သို့ တော်တော်ဝေးသောကျောင်းတွင် သွားတက်ကြရပါသည်။ အဖြူအစိမ်း ဝတ် ထားသော်လည်း ရင်ဘတ်မှ အင်္ကျီတွင် ကျောင်းတံဆိပ်ကိုကပ်၍ ချုပ်ထားရသဖြင့် မိမိ၏ကျောင်းအမည်ကို အလွယ်တကူ သိရှိနိုင်ပါသည်။

ကျုံးနံဘေးလမ်းပေါ်တွင် ဆိုင်ကယ်များလည်းပေါလှပေသည်။ မန္တလေး

mgyoe.com

mgyoe.com


သည် စက်ဘီးမြို့တော်ဟူ၍ ထင်ပေါ်ခဲ့သည်မှာ မှန်သော်လည်း ယခုအခါ ဆိုင်ကယ် မြို့တော်ဟု ခေါ်ရမလောက်ပင် ဆိုင်ကယ်များ ဥဒဟိုသွားနေကြသည်ကို တွေ့ရပါ သည်။ ဆိုင်ကယ်နံပါတ်များကို ကြည့်ရာတွင် မတလဟု တပ်ထားသည်ကို တွေ့ရပါ သည်။ မတလ ဆိုသည်မှာ မန္တလေးကို အတိုကောက် ရေးထားခြင်းဖြစ်သည်။ ကျွန်မကို အတန်းငယ်စဉ်တွင် ဖေဖေက မတလဆိုင်ကယ်ဖြင့် ကျောင်းသို့ လိုက်ပို့ တတ်ပါသည်။ သို့သော် ကိုယ့်ဘာသာစက်ဘီးစီး၍ ကျောင်းတက်ရသော အရသာ လောက်မကောင်းပါ။ ကျွန်မသည် တစ်ခါတစ်ရံ စက်ဘီးစီးရင်း တိုးတိုးကလေး သီချင်းညည်းမိပါသည်။ တစ်ခါတစ်ရံ နံနက်ခင်းက ကျက်ထားသော စာများ ရ၊ မရ ခပ်ဖွဖွရေရွတ်နေမိပါသည်။

အနောက်ကျုံးထောင့်သို့ မရောက်မီ ၇၈ လမ်းအရောက်တွင် မီးပွိုင့်ရှိပါ သည်။ ထိုမှ တောင်ဘက်သို့ချိုးလျှင် မန္တလေးဘူတာကြီးသို့ ရောက်မည်ဖြစ်ပြီး ထိုလမ်းမှာ ရတနာပုံဈေးသို့ သွားရာလမ်းလည်း ဖြစ်သဖြင့် ကားတန်းကြီးမှာ အလွန် စည်တတ်ပါသည်။ ကျွန်မတို့မြို့တွင် ရှေးကျသော ချက်ပလက်ဘတ်စ်ကားကြီးများ ရှိနေပါသေးသည်။ ဤလမ်းပေါ်မှ အမှတ် (၄) နှင့် အမှတ် (၅) ကားနီတို့ ပြေးပါ သည်။ မန္တလေးတောင်ခြေ၊ နန်းရှေ့ရန်ကင်းတောင်၊ ပုသိမ်ကြီးမြို့အထိရောက်သော ကားများဖြစ်ပါသည်။ မှတ်တိုင်များတွင် လူသိပ်မများလှပါ။ လမ်းမီးပွိုင့် အရောက် ဘူတာဘက်မှ ချိုးဝင်လာသော အမှတ် (၁)၊ အမှတ် (၂)၊ အမှတ် (၃)ကားများကမူ အပြာရောင်များဖြစ်ပါသည်။ ချက်ပလက် လည်းရှိပြီး ဒိုင်နာကားများလည်း ရှိပါ သည်။ ထို့ပြင် အစိမ်းရောင်အမှတ် (၁၁) ကားကိုလည်း တွေ့ရပါသည်။ ထိုကားများ တွင် ရွှေစာရံဘုရားအထိ ပေါက်သည့် ကားများရှိသကဲ့သို့ အောင်ပင်လယ်မြို့သစ် ရောက်သော ကားများရှိပါသည်။ ချက်ပလက်ကားကြီးများက အိပက်အိပက်နှင့်မို့ စိုးရိမ်စရာ မရှိပါ။ ဒိုင်နာများကမူ အရှိန်နှင့်မောင်းကြသဖြင့် စက်ဘီးကို သတိထားပြီး လမ်းဘေးကပ်၍ နင်းရပါသည်။

လမ်းပေါ်တွင် ကိုယ်ပိုင်ကားများလည်း သွားလာနေကြပြီ ဖြစ်ပါသည်။ ကျောင်းတက်ချိန်ဖြစ်ရာ ကျောင်းပို့သော ကားများက ပို၍များပါသည်။ ကျွန်မ စက်ဘီးနံဘေးမှ ကျောင်းပို့ဖယ်ရီတစ်စီးက နေ့စဉ်ကျော်၍ မောင်းသွားလေ့ရှိပါသည်။ ထိုကားကြီးကိုလည်း အချိန်မှန်တွေ့ရပါသည်။ ထို့ပြင် အပြာရောင်နှင့် အဖြူရောင် ဝတ်စုံကလေးများ ဝတ်ထားသော မူကြိုကျောင်းသူ၊ ကျောင်းသားကလေးများအား တင်ဆောင်လာသည့် ကားတစ်စီးမှာလည်း နေ့စဉ်ကျွန်မနှင့် ဆုံတွေ့လေ့ရှိပါသည်။

mgyoe.com

mgyoe.com

မီးပွိုင့်နေရာ၌ ဆုံမိလျှင် ကျွန်မက ကလေးများကို လှမ်း၍ ပြုံးပြမိတတ်ပါသည်။ ကျွန်မငယ်ငယ်က နေခဲ့သော အမှတ် (၁) မူကြိုကျောင်းကို သွား၍ သတိရမိပါသည်။

အနောက်ကျုံးထောင့်သို့ရောက်သောအခါ မီးပွိုင့်တွေ့ရပြန်ပါသည်။ တည့်တည့်သို့လှမ်းကြည့်လျှင် မန္တလေးဈေးချို နာရီစင်ကြီးကို တွေ့ရပါသည်။ တောင်ဘက်သို့ကွေ့ပါက လမ်း ၈၀ လမ်းမကြီးက ဖြူးဖြောင့်၍နေပါသည်။ ကျွန်မက မြောက်ဘက်သို့ လမ်း ၈၀ အတိုင်း ကွေ့ရပါသည်။ ကျုံး၏အရိပ်က မလွတ်သေးပါ။ အနောက်ကျုံးလမ်းအတိုင်း ဆက်နင်းလာရပြန်ပါသည်။ ၂၄ လမ်းသို့ ရောက်သောအခါ အနောက်ဘက်သို့ ပြန်ချိုးရပါသည်။ ကျွန်မတို့ မန္တလေးမှလူများသည် စက်ဘီး၊ ဆိုင်ကယ်၊ ကားစီးသည့်အခါ အရှေ့၊ အနောက်၊ တောင်၊ မြောက်ကို ချိုးမည်၊ ကွေ့မည်... စသဖြင့် ပြောတတ်ပါသည်။ ဘယ်ချိုး၊ ညာကွေ့ဟူ၍ သိပ်မသုံးကြပါ။ ထိုနေရာတွင် ကျွန်မစက်ဘီးကလေးသည် ဆက်သွယ်ရေးရုံးကြီးရှေ့မှ ဖြတ်နင်းရပါသည်။ ထိုးထိုးထောင်ထောင်ထွက်နေသော မိုက်ခရိုဝေ့ဖ်ကြီးကို တွေ့ရပါသည်။ ရုံးဖွင့်ချိန်မရောက်သေးသဖြင့် ရုံးဝန်ထမ်းများကို များများစားစားမတွေ့ရပါ။

၂၄ လမ်းအတိုင်း အနောက်ဘက်သို့ ကွေ့နင်းလာသည်နှင့် ပထမဦးစွာ အမှတ် (၁) အထက်တန်းကျောင်းကို ဖြတ်နင်းရပါသည်။ ထိုကျောင်းမှာ အမျိုးသားကျောင်းဖြစ်ပြီး ယောကျ်ားကလေးများသာ တက်ရသဖြင့် ကျောင်းရှေ့တွင် ကျောင်းသားများကို လှုပ်လှုပ်ရှားရှား တွေ့နေရပါသည်။ ကျောင်းထဲဝင်သွားသူများရှိသကဲ့သို့ အချို့ကျောင်းသားများမှာမူ ကျောင်းအပြင်၌ ရပ်၍ စကားပြောနေကြပါသည်။ ကျွန်မစက်ဘီးဖြင့် ဖြတ်သွားလျှင် တစ်ခါတစ်ရံ 'ရွှတ်ရွှတ်' ဟု စတတ်ကြသဖြင့် ထိုကျောင်းရှေ့မှဖြတ်တိုင်း မျက်နှာကို တင်းထားမိပါသည်။ ထိုကျောင်းနှင့် မျက်နှာချင်းဆိုင်တွင် မျက်စိ၊ နား၊ နှာခေါင်း ဆေးရုံရှိပါသည်။ ဆေးရုံဝင်းအတွင်းသို့လည်း ကား၊ ဆိုင်ကယ်များ ဝင်လိုက်ထွက်လိုက်လုပ်နေသည်ကို တွေ့ရပါသည်။ တစ်ခါတစ်ရံ ဆေးရုံအဝတွင် မျက်စိတစ်ဖက်ကို ဂွမ်းအုပ်ကာ ပလာစတာကပ်ထားသော လူနာများကို တွေ့ရပါသည်။

ထိုမှ ဆက်၍ လမ်းကူးလိုက်သည်နှင့် နောက်ထပ်ကျောင်းတစ်ကျောင်းကို တွေ့ရပြန်ပါသည်။ ထိုကျောင်းမှာ ကျွန်မတို့ကျောင်းကဲ့သို့ မိန်းကလေးများသာ တက်ရသော အမှတ် (၄) အထက်တန်းကျောင်း ဖြစ်ပါသည်။ ကျွန်မတို့ အထက (၈) နှင့် အထက (၄) မှာ ပြိုင်ဘက်များသဖွယ် ဖြစ်ကြပါသည်။ ကျောင်းရှေ့တွင် ကျောင်းပို့လာသောကားများကို တွေ့ရပါသည်။ ဤနေရာတွင် ကျောင်းများဆုံ၍

mgyoe.com

mgyoe.com


နေပါသည်။ ရှေ့တည့်တည့်သို့ ဆက်နင်းသွားပါက အထက (၉) နှင့် အထက (၁၀) တို့ရှိပါသည်။ ၈၂ လမ်းထိပ်သို့ ရောက်သည်နှင့် ကျွန်မက တောင်ဘက်သို့ ချိုးဝင်ရပါသည်။ ထိုလမ်းမှာ တစ်လမ်းမောင်းဖြစ်၍ မြောက်မှတောင်သို့သာ သွားခွင့်ရှိပါသည်။

စက်ဘီးမချိုးမီ ထောင့်တွင် ရွှေကျီးမြင့်ဘုရားရှိပါသည်။ ထိုဘုရားမှာလည်း မန္တလေးတွင် တန်ခိုးကြီးဘုရားတစ်ဆူအဖြစ် ထင်ရှားပြီး ဘုရားဖူးလည်းများပါသည်။ ဘုရားရှေ့တွင် ကားများရပ်ထားတတ်ပါသည်။ ကျောင်းများ၏ရှေ့တွင် ကားရပ်ရန် နေရာကျပ်သဖြင့် ဘုရားရှေ့၌ လာရပ်ကြခြင်းဖြစ်သည်။ အလွန်ရှုပ်သော မြင်ကွင်း ပင်ဖြစ်ပါသည်။ ကျွန်မသည် ဤနေရာရောက်သည်နှင့် စက်ဘီးပေါ်က ဆင်းရပါသည်။ ကျောင်းရှေ့သို့ ရောက်သည့်အခါ ၈ နာရီခွဲပါပြီ။ ကျွန်မလည်း စက်ဘီးကို တွန်း၍ ကျောင်းထဲသို့ ဝင်လာခဲ့ပါသည်။

ဤကား ကျောင်းအသွားမြင်ကွင်းဖြစ်၍ ထိုမြင်ကွင်းကို နောက်ပြန်ရစ်လျှင် ကျောင်းအပြန်မြင်ကွင်းကို ရပါသည်။ လာကြိုသော ကားများအကြားမှ စက်ဘီးကို တွန်းထုတ်၍ လာလမ်းအတိုင်း အိမ်သို့ ပြန်ရပါသည်။ ညနေ ၃ နာရီ ၁၅တွင် ကျောင်းဆင်းပါသည်။ အိမ်အပြန်ခရီးသည် ပို၍များနီးနေသလား မပြောတတ်ပါ။ ခဏကလေးနှင့် အိမ်သို့ရောက်ပါသည်။ မေမေက အိမ်ရှေ့ထွက်၍ ကြိုနေတတ်ပါသည်။ ကားရှုပ်၊ ဆိုင်ကယ်ရှုပ်နှင့် စိတ်မချသော မေမေသည် ကျွန်မအိမ်ပြန်ရောက်မှပင် စိတ်အေးသွားရသည်ဟု ဆိုပါသည်။

☆☆☆

mgyoe.com

mgyoe.com

## မွေးမေမေ

နိဒါန်း — မွေးမေမေရဲ့ကျေးဇူးကို အရင်ဖော်ပြပြီး မိမိရဲ့ မေမေက ဘယ်သူလဲ ရေးပြပါ။ မေမေက ဘာလုပ်သလဲ။

စာကိုယ် — မိမိကို မွေးစဉ်က မေမေ့အသက်နဲ့ အလုပ်အကိုင်ကို ရေးပြပါ။
— မိမိကို မွေးဖွားစဉ်ကအကြောင်း မေမေ့ထံမေးပြီး ရေးပြပါ။
— ငယ်ငယ်က မိမိကို ဘယ်လိုချစ်စနိုးခေါ်ခဲ့သလဲ။
— မေမေက မိမိကို ဘယ်လို ထမင်းခွံ့ကျွေးခဲ့သလဲ။ ဘယ်လိုသိပ်ခဲ့သလဲ။
— ဘာတွေသင်ပေးခဲ့သလဲ။
— အိပ်ရာဝင်ချိန်ပြောပြတဲ့ ပုံပြင်ကလေးတွေ မှတ်မိသလောက် သရုပ်ဖော်ပြပါ။
— မိမိကို မေမေက ဘယ်လိုဂရုစိုက်ခဲ့သလဲ။
— နေမကောင်းရင် မေမေက ဘယ်လိုလုပ်ပေးသလဲ။
— ကျောင်းတက်တဲ့အခါ မေမေက ဘယ်လိုစည်းကမ်းတွေ ချပေးသလဲ။
— ကျောင်းသားဘဝ မေမေလုပ်ပေးတာတွေ ရေးပြပါ။

နိဂုံး — မေမေရဲ့ကျေးဇူးကို သရုပ်ဖော်ပြပြီး လမင်းကြီးနှင့် နှိုင်းယှဉ်ကာ ကျေနပ်ကြောင်းသရုပ်ဖော်ပါ။

မှတ်ချက်။ ။ ဒီစာစီစာကုံးဟာ သရုပ်ဖော်စာစီစာကုံးဖြစ်ပါတယ်။ မိခင်ကျေးဇူးဆိုတာနဲ့ ရေးရပုံချင်းမတူတာကို သတိထားပါ။ တချို့အချက်တွေဟာ မေမေ့ထံမှာ မေးထားသင့်တဲ့အကြောင်းလေးတွေဖြစ်ပါတယ်၊ နမူနာကို လေ့လာပြီး ကိုယ်တိုင်ရေးစမ်းကြည့်ပါ။ ပြီးရင်မေမေ့ကိုပြပါ။

mgyoe.com

mgyoe.com

# မွေးမေမေ

လူသားတစ်ယောက် လူ့လောကသို့ ရောက်ရှိစေရန် အသက်နှင့် ခန္ဓာကိုယ်ကိုရင်းကာ ခက်ခဲပင်ပန်းစွာဖြင့် မွေးထုတ်ပေးခဲ့သူမှာ မိခင်ပင်ဖြစ်သည်။ ထို့ကြောင့် မွေးမေမေကား လူသားတိုင်းအတွက် အကြီးမားဆုံးသော ကျေးဇူးရှင်ဖြစ်ပေသည်။ ကျွန်တော်တွင်လည်း အလွန်ပင် ကျေးဇူးကြီးမားသော မွေးမေမေရှိပါသည်။ မေမေ့အမည်မှာ ဒေါ်ဖြိုးဖြစ်ပါသည်။ မေမေ့အသက်မှာ သုံးဆယ့်သုံးနှစ်ဖြစ်သည်။ မေမေသည် တက္ကသိုလ်မှ ကထိကဖြစ်သည်။

မေမေသည် ကျွန်တော့်ကို မွေးဖွားချိန်တွင် တက္ကသိုလ်မှ သိပ္ပံဘွဲ့ကို ရပြီးခါစဖြစ်သည်ဟု ဆိုပါသည်။ ပညာထူးချွန်သော မေမေသည် ဘွဲ့လွန်သင်တန်းကိုဆက်၍ တက်ရောက်ခွင့်ရပါသည်။ သို့သော် ကျွန်တော့်ကို မွေးလိုက်ရသဖြင့် မေမေတစ်နှစ်နားလိုက်ပါသည်။ ပညာရေးထက် သားသမီးရေးက ပိုသည်ဟု မေမေဆုံးဖြတ်ခဲ့ကြောင်းသည်ဟု ဆိုပါသည်။ မေမေသည် ကျွန်တော့်ကို မွေးဖွားစဉ်ကလည်း ဆေးရုံတွင် အားဆေးပုလင်းများချိတ်၍ အားသွင်းမွေးပေးခဲ့သည်ဟု ဆိုပါသည်။

ကျွန်တော်သည် မေမေပြန်ပြောပြသော ကျွန်တော်မွေးဖွားစဉ်ကအကြောင်းကို အလွန်စိတ်ဝင်စားပါသည်။ မွေးကတည်းက ကျွန်တော် ပါးစပ်ပြုသည်ဟု မေမေက ပြောပါသည်။ အငိုလည်းသန်သည်ဟု ဆိုပါသည်။ ဆေးရုံမှ သူနာပြုဆရာမများက ကျွန်တော့်ကို ပြုံပြုံလေးဟု ခေါ်ကြသဖြင့် မေမေက စိတ်ဆိုးပြီး တားခဲ့သည်ဟု ဆိုပါသည်။ ဟုတ်ပါသည်။ အခုအရွယ်အထိ ကျွန်တော်က အသံပြုပြုနှင့် ပြောကျင့်ရှိနေပါသည်။ အခုမှ မေမေကိုယ်တိုင်ကပင် ကျွန်တော့်ကို ကိုပြုံဟု နောက်၍ခေါ်တတ်ပါသည်။

ကျွန်တော်သည် သားဦးဖြစ်ပြီး ထိုအချိန်၌ မေမေကလည်း အသက်နှစ်ဆယ်ပင် ရှိသေးရာ ကလေးပိစိကွေးကလေးကို မေမေ မချီတတ် ချီတတ်နှင့်

mgyoe.com

mgyoe.com


ချီခဲ့ရကြောင်းကိုလည်း ကျွန်တော့်ကို ပြောပြပါသည်။ ကျွန်တော်က နို့စို့လည်း အလွန်သန်သည်ဟု ဆိုပါသည်။ ခဏခဏ နို့ဆာ၍ငိုတတ်သည်ဟု ဆိုပါသည်။ ယနေ့တိုင် ကျွန်တော်က အစားပုပ်သည်ဟု မေမေက ပြောပါသည်။ တွေ့သမျှ ကျက်သမျှ အကုန်စားသဖြင့် အမှိုက်ပုံးလေးဟု မေမေက ချစ်စနိုးခေါ်တတ်ပါသည်။

မေမေသည် ကျွန်တော် ငယ်ငယ်ထမင်းကျွေးသောအခါ 'ဖိုးလမင်းကြီးရေ...၊ ထမင်းဆီဆမ်း ရွှေလင်ပန်းနဲ့ပေးပါ၊ ဝါဝါဝါ 'ဟု ဆိုကာ ဖိုးလမင်းထံမှ ထမင်းဆီဆမ်းကောင်း၍ ခွံ့ကျွေးတတ်ပါသည်။ အရုပ်ကလေးကို ဘေးမှာချထားပြီး 'အရုပ်ကလေးကတစ်လှည့်၊ သားကတစ်လှည့်' ဟု ဆိုကာ ချော့ကျွေးတတ်ပါသည်။ ကျွန်တော် ခပ်ရေးရေးမှတ်မိနေသည်မှာ ကျွန်တော့်ကို မေမေ့ပေါင်ပေါ်တွင် ထိုင်စေပြီး မေမေက ရှေ့မှ အတတ်တွေ သင်ပေးခြင်းဖြစ်ပါသည်။ ချိုမိုင်မိုင်ကိုလည်း မေမေက သင်ပေးပါသည်။ တူတူရေ..ဝါးကိုလည်း မေမေက သင်ပေးပါသည်။ ယုန်ကလေးက နားရွက်ထောင်ဟုဆိုပြီး လက်နှင့် နားရွက်နားတွင်ကပ်ကာ လုပ်ပြတတ်အောင် သင်ပေးပါသည်။ ဘုရင်ကြီးလိုနေဟု ဆိုရာတွင် လက်ပိုက်တတ်လာအောင် မေမေက သင်ပေးခဲ့ပါသည်။

ကျွန်တော့်အိပ်ရာဝင်ချိန်တွင် မေမေပြောပြဖူးသော ပုံပြင်များမှာ မနည်းလှပါ။ ကျွန်တော်ကကြိုက်လျှင် ထပ်၍ ပြောခိုင်းပါသည်။ မကြိုက်ပါက ဒါကြီးနားထောင်ပြီးပြီဟု ငြင်းတတ်ပါသည်။ မေမေသည် သားချော့တေးမျိုးစုံကိုလည်း ဆိုပြီးသိပ်ပါသည်။ 'ကြောင်ကြီးရဲ့မြီးတံတို၊ အဆီကို စားပါလို့ အသားကို မျိုု ကြောင်အိုပေမေ့၊ ကိုက်လှည့်ပါလေး'ဟူသော သီချင်းကိုဆိုပြီး ကြောင်ကြီးရေ မကိုက်ပါနဲ့၊ သားလေး အိပ်ပါပြီဟု ဆိုတတ်ပါသည်။ မိတ္ထီလာကန်တော်အောက်က ဖားကောက်ခဲ့ပါဟူသော သီချင်း၊ လူကလေးရဲ့ အိပ်ချိန်တန် ဗျိုင်းရှေ့ကပျံဟူသော သီချင်းကိုလည်း ဆိုပြတတ်ပါသည်။ ကျွန်တော် အိပ်ပျော်သောအခါ ခြင်မကိုက် ယင်မနားအောင် မေမေက ဂရုစိုက်ပါသည်။ ဤသို့ ဂရုစိုက်ခြင်းမှာ ယနေ့ထက်တိုင်ပင် ဖြစ်ပါသည်။ မေမေက ကျွန်တော်ရောဂါဖြစ်မည်ကို အလွန်စိုးရိမ်ပါသည်။

ကျွန်တော်နေမကောင်းသောအခါများတွင် မေမေက မအိပ်ပါ။ ကျွန်တော့်ကို တစ်ညလုံး ထစမ်းပြီး ဂရုစိုက်နေပါသည်။ နေမကောင်းဖြစ်လျှင် ကျွန်တော်က ဆေးကြောက်သဖြင့် ဒုက္ခရောက်ရသည်ဟု မေမေက ပြောပါသည်။ မေမေသည် ဆေးလုံးကို ကျွန်တော့်အာခေါင်ထဲသို့ ထိုးထည့်ပေးပြီးမှ ရေတိုက်ကာ ဆေးမျိုတတ်သော အကျင့်ရအောင် လုပ်ပေးခဲ့ပါသည်။ နေမကောင်းမဖြစ်ရန်လည်း အေးလာလျှင်

mgyoe.com

mgyoe.com


အနွေးထည် ဝတ်ပေးခြင်း၊ ခြင်မကိုက်ရန် ကျွန်တော်ရှိသော နေရာအနီး၌ ခြင်ဆေးခွေ ထွန်းပေးခြင်း၊ ဝမ်းသွားစေတတ်သော၊ ချောင်းဆိုးတတ်သော အစားအစာများကို တားမြစ်ခြင်းတို့ ပြုလုပ်ပါသည်။

ကျွန်တော်မူကြိုတက်သောအရွယ်၌ မေမေလည်း ဘွဲ့လွန်ဒီဂရီရရန် ကျောင်း တက်နေပေပြီ။ မေမေသည် ကလေးတစ်ဖက်ကျောင်းတစ်ဖက်ဖြင့် အလွန် ကသီလင်တ နိုင်ခဲ့ရကြောင်း ဘွားဘွားက ပြောပြပါသည်။ ဘွားဘွားကမေမေ့ကို ကူ၍ ကျွန်တော့်ကို ကျောင်းပို့ကျောင်းကြို လုပ်ပေးပါသည်။ နံနက်ခင်းတွင် ထမင်းဘူးများအတွက် ဘွားဘွားက စီစဉ်ပေးတတ်ပါသည်။ ဘွားဘွားသည် မေမေ့ကို အလွန်ချစ်ပါသည်။ ဒီအရွယ်ရောက်သည်အထိ မေမေ့အတွက် သူ မနားရှာပါ။ မိခင်များအားလုံး သည်အတိုင်း ရှိကြမည်ဟု ကျွန်တော်ယုံကြည်ပါသည်။

ကျွန်တော် ကျောင်းကြီးသို့ ရောက်ချိန်၌ မေမေက အလုပ်သွားရပါပြီ။ မေမေ သည် အလုပ်မသွားမီ ကျွန်တော်ကျောင်းသွားရန် အားလုံးစီစဉ်ပေးပါသည်။ ထမင်း ဘူး၊ ရေဘူးနှင့်မုန့်ဘူးကို ထည့်ပေးပါသည်။ မေမေက ကျောင်းသို့ မုန့်ဖိုးမပေးပါ။ မုန့်သာ ဝယ်ထည့်ပေးပါသည်။ ငယ်ငယ်ကတည်းက ပိုက်ဆံ တအားသုံးတတ်ရင် ကြီးလာတော့ ထိန်းဖို့မလွယ်ဘူးဟု မေမေက ပြောပါသည်။ မေမေကား ဆုံးမ သွန်သင်ရာတွင် နံပါတ်တစ်ဖြစ်သည်ဟု ကျွန်တော်ထင်ပါသည်။ ညတိုင်းညတိုင်း အိပ်ရာဝင်ချိန်တွင် မေမေ့၌ ဆုံးမစရာစကားတစ်ခုခု ရှိနေတတ်ပါသည်။ ကျွန်တော့်ကို ဘုရားရှိခိုးစာများရအောင် မေမေက နှုတ်တိုက်ချပေးတတ်ပါသည်။ ထို့ပြင် မေမေက စည်းကမ်းချရာ၌လည်း နိုးတူး၊ နှစ်ယောက်မရှိ ဖြစ်ပါသည်။ ဖေဖေကမူ မင်းမေမေက ဆရာလုပ်ချင်လို့ ဆရာမ လုပ်နေတာဟု မေမေ့ကို စ,တတ်ပါသည်။ ဟုတ်ပါသည်။ မေမေ၏ စည်းကမ်းချက်များကို တစ်အိမ်လုံးက လိုက်နာကြရပါသည်။ သို့သော် အားလုံးမှာ ကောင်းဖို့အတွက်ချည်းဖြစ်ပါသည်။

ကျွန်တော်ဝတ်ရန် အဝတ်အစားကိုလည်း မေမေကပင် ရွေးချယ်ပေးပါသည်။ မိုးအေးလျှင် အနွေးထည်ဝတ်ပေးဖို့ မေမေ မမေ့ပါ။ နွေရာသီတွင် အင်္ကျီပါးပါး လေးများ မေမေ ချုပ်ပေးပါသည်။ သို့သော် မေမေက အင်္ကျီလက်ရှည်၊ ဘောင်းဘီ ရှည်တို့ကိုသာ အဝတ်ခိုင်းတတ်ပါသည်။ ခြင်ကိုက်ခံရမှာစိုး၍ဟု ပြောပါသည်။ ကျောင်းသွားရာတွင် စာအုပ်ခဲတံမှအစ မေမေက စစ်ဆေးပေးတတ်ပါသည်။ ကျောင်းပိတ်ရက်များတွင် ကျွန်တော့်ကိုခေါ်၍ မေမေ အပြင်ထွက်ပါသည်။ မေမေ့ဆိုင်ကယ်နောက်က လိုက်ရသည်ကို ကျွန်တော် အလွန်ပျော်ပါသည်။ မေမေက

mgyoe.com

mgyoe.com


ကျွန်တော့်ကို ကစားစရာများ ဝယ်ပေးသကဲ့သို့ စာအုပ်များကိုလည်း ဝယ်ပေးပါသည်။ ပုံပြင်စာအုပ်များစွာ ကျွန်တော့်တွင်ရှိပါသည်။ ကျောင်းစာကို အထောက်အကူပြုသော စာစီစာကုံးစာအုပ်များကိုလည်း ဝယ်ပေးပါသည်။ ထို့ပြင် စာရေးတတ်ရန်လည်း လေ့ကျင့်ပေးပါသည်။

မေမေ၏ ကျေးဇူးကား ယခုအရွယ်၌ပင် များစွာကြီးမားနေပါပြီ။ မေမေ၏ ရင်ငွေ့လောက် နွေးထွေးသည့်နေရာ မရှိပါ။ မေမေ၏အရိပ်အောက်တွင် သာယာချမ်းမြေ့စွာ အပူအပင်မရှိ နေရပါသည်။ မေမေသည် ကျွန်တော့်ကို တစ်သက်လုံး ပြုစုစောင့်ရှောက်သွားမည်ဖြစ်ကြောင်း သံသယဖြစ်စရာမရှိပါ။ အဘယ်ကြောင့်ဆိုသော် ယနေ့အထိ ဘွားဘွားကလည်း မေမေ့အနားတွင် အထောက်အကူရှိနေဆဲ ဖြစ်ပါသည်။ မိခင်တို့မည်သည့်လမင်းနှင့်တူပါသည်။ ကမ္ဘာလောကကြီး ရှိနေသရွေ့ လမင်းကတော့ သာနေဦးမည်ဖြစ်သည်။ မိခင်တို့သည်လည်း သားသမီးများအတွက် အစဉ်မပြဲ အေးမြသော အလင်းရောင်ကို ပေးဆောင်နေကြဦးမည်သာ ဖြစ်ပါသည်။

☆☆☆

mgyoe.com

mgyoe.com

# အလေးစားရဆုံးဆရာတစ်ဦး

နိဒါန်း – မိမိရောက်ရှိနေတဲ့ အတန်းကို ရေးပြပါ။ အလေးစားရဆုံး ဆရာက ဘယ်သူလဲဆိုတာ ဖော်ပြပြီး နိဒါန်းပျိုးပါ။

စာကိုယ် – ဆရာဟူသည်မှာ အဘယ်နည်း။

– ဆရာ့ကျေးဇူး၊ ဆရာ့ဝတ္တရားတွေက ဘာတွေလဲ။

– ဆရာ့ကို ဘာကြောင့် အလေးစားရဆုံးဖြစ်သလဲဆိုတာ ခိုင်လုံတဲ့ အကြောင်းပြချက်နဲ့ စီကာပတ်ကုံးရေးပြပါ။

– အဲဒီအကြောင်းအရာက ထူးခြားမှုရှိရပါမယ်။ အဲဒီအတွက် ဘယ်လို သင်ခန်းစာတွေရသလဲ ရေးပါ။

နိဂုံး – ဆရာ့ကို ဘာကြောင့် မမေ့နိုင်တာလဲဆိုတာနဲ့ ရလိုက်တဲ့ပညာကို ရေးပါ။

မှတ်ချက်။ ။ ဒီစာစီစာကုံးဟာ နမူနာရေးပြတာဖြစ်ပါတယ်။ ကိုယ့်မှာအမလေးစားရဆုံး ဆရာ၊ ဆရာမရှိမှာပါ။ ကိုယ့်ကိုအလိုလိုက်လို့၊ ဂရုစိုက်လို့ဆိုတဲ့သာမန် အကြောင်းပြချက်နဲ့ မလုံလောက်ပါ။ အဖြစ်အပျက်တစ်ခုကို စဉ်းစားရေးကြည့်ရပါမယ်။

အဲဒီအဖြစ်အပျက်ဟာ သင်ခန်းစာပါရမယ်၊ ပညာပေးရပါမယ်၊ အကျိုးရှိတာ ပါရပါမယ်။ ရေးပြထားတဲ့နမူနာကို လေ့လာပြီး ရေးကျင့်ပါ။

mgyoe.com

mgyoe.com

# အလေးစားရဆုံးဆရာတစ်ဦး

ကျွန်တော်သည် အဌမတန်းတွင် ပညာသင်ကြားနေသော ကျောင်းသားတစ်ဦးဖြစ်ပါသည်။ ကျွန်တော့်တွင် ဆရာများစွာရှိခဲ့ပါသည်။ သူငယ်တန်းမှစ၍ အဌမတန်းသို့ ရောက်သည်အထိ ဘာသာရပ်အလိုက် သင်ကြားပေးခဲ့ကြသော ဆရာများစွာရှိသည့်အနက် ကျွန်တော်အလေးစားရဆုံး ဆရာတစ်ဦးကို ပြောပါဆိုလျှင် ဆရာဦးနေမျိုးအကြောင်းကို ပြောချင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဆရာသည် ကျွန်တော့်ဘဝအတွက် ဘယ်သောအခါမျှ မေ့ပျောက်မသွားနိုင်သော သင်ခန်းစာ အတတ်ပညာတစ်ခုကို သင်ကြားပေးခဲ့သူဖြစ်သောကြောင့် ဖြစ်ပါသည်။

ဆရာဟူသည်မှာ အတတ်လည်းသင်၊ ပဲ့ပြင်ဆုံးမ၊ သိပ္ပမကျန်၊ ဘေးရန်ဆီးကာ၊ သင့်ရာအပ်ဖို့... ဟူသော ဝတ္တရားနှင့်အညီ ဆောင်ရွက်သူများ ဖြစ်ပါသည်။ အတတ်ပညာကို မခြွင်းမချန် သင်ကြားပေးသည့်အပြင် လိမ္မာယဉ်ကျေးစေရန်၊ စည်းကမ်းရှိရန်၊ ဆုံးမပဲ့ပြင်လမ်းညွှန်ပေးသူများဖြစ်ပါသည်။ ကျွန်တော်၏ ဆရာဦးနေမျိုးသည်လည်း ကျွန်တော့်ကို အတတ်ပညာတစ်မျိုး သင်ကြားပေးခဲ့ပါသည်။ ထိုအတတ်ပညာကား ပညာရေး စိတ်ပညာဖြစ်ပါသည်။

ပညာရေးဟူသည်မှာ ဘဝနေရေးဖြစ်သည်ဟု ဆရာက ပြောခဲ့ပါသည်။ ပညာဟူသည်မှာ သင်ပေးခြင်း၊ သင်ယူခြင်း သက်သက်သာ မဟုတ်ဟုလည်း ဆိုပါသည်။ လူ့လောကတွင် လူနှင့်သူနှင့်တူအောင် နေထိုင်တတ်ရေးသည်လည်း ပညာပင်ဖြစ်သည်ဟု ဆိုပါသည်။ စိတ်ပညာဆိုသည်မှာ စိတ်ကို သင်ကြားသောပညာဖြစ်ပြီး ပညာရေးအတွက် စိတ်ပညာကိုသုံးရာ၌ ပညာရေးစိတ်ပညာ ဖြစ်လာသည်ဟု ဆရာက ရှင်းပြပါသည်။ ထို့အတူ ဆရာသည် ကျွန်တော်၏စိတ်ကို ပညာရအောင် သင်ပေးခဲ့ပါသည်။ ဆရာသည် လူကို မဆုံးမပါ။ စိတ်ကိုသာ ဆုံးမပြခဲ့ပါသည်။

တစ်နေ့တွင် ကျွန်တော်ကျောင်းသို့အလာ လမ်း၌ သူငယ်ချင်းတစ်ယောက်

mgyoe.com

mgyoe.com


ကျောင်းပြေးသည်ကို တွေ့ခဲ့ရပါသည်။ သူက ကျွန်တော့်ကို အဖော်ညှိပါသည်။ ကျွန်တော်က သူ့ကိုတားပါသည်။ သို့သော် တား၍မရပါ။ ကျောင်းသို့ရောက်သော အခါ ကျွန်တော်က ဆရာ့ကို ဤအကြောင်း သွားပြောပြပါသည်။ ဆရာက ထိုသူငယ်ချင်းထံမှ ခွင့်စာရထားကြောင်း ပြောပါသည်။ သူကျောင်းပြေး၊ မပြေး မသေချာပါ။ သူ့အိမ်က သူနေမကောင်းဘူးဟု ရေးထားသည်ဟု ဆိုပါသည်။ ထိုးထားသော လက်မှတ်မှာလည်း သူ့အမေလက်မှတ်နှင့် အတူတူဖြစ်နေပါသည်။ ကျွန်တော်နားမလည်ခဲ့ပါ။ ကျွန်တော်သိသည်မှာ သူကျောင်းပြေးခြင်းသာ ဖြစ်ပါသည်။

ဆရာသည် ကျွန်တော့်အား မထင်မှတ်သောအကြံပေးပါသည်။ နောက်တစ်ခါ သူခေါ်လျှင် လိုက်သွားပါဟု ဆိုပါသည်။ သူ့ကို အမှန်တကယ်ကျောင်း မပြေးစေလိုလျှင် မတားပါနှင့်၊ သူနှင့် တစ်ပါတည်း လိုက်သွားပါဟု ဆရာက ပြောပါသည်။ နောက်တစ်ပတ်တွင် ဆရာပြောထားသည့်အတိုင်း ကျွန်တော် သူနှင့် လိုက်ရန် သဘောတူလိုက်ပါသည်။ သူက သူ့မေမေကို သူ့အဘွားတစ်ယောက် တည်းဖြစ်နေ၍ အိမ်စောင့်ပေးရန် ခေါ်နေသဖြင့် ခွင့်စာရေးပေးပါ။ အဘွားအိမ်တွင် စာကျက်နေမည်ဟုပြောပြီး ခွင့်စာရေးခိုင်းပါသည်။ ကျွန်တော့်ကိုလည်း ခွင့်စာ လိမ်ရေးခိုင်းခဲ့ဟု ခိုင်းပါသည်။ ကျွန်တော် ဆရာသိပြီးဖြစ်သဖြင့် ခွင့်စာမတင်ဘဲ လိုက်သွားခဲ့ပါသည်။ ကျွန်တော့်စိတ်ထဲတွင် ဆရာက ဘာကြောင့်လိုက်သွားခိုင်းရ သလဲဆိုသည်ကို သိချင်နေပါသည်။

ကျွန်တော်တို့ ကျောင်းပြေးကြပါသည်။ သူက သူ့အဘွားအိမ်သို့ ကျောင်း မတက်မီခဏဝင်ပါသည်။ အဘွားကို စောင့်ပေးရမလားဟု မေးရာမလိုကြောင်း ပြောပါသည်။ ကျွန်တော်တို့ ကန်စောင်းသို့သွားထိုင်ကြပါသည်။ သူသည် သူ့ဖေဖေ ကို မကျေနပ်သည့်အကြောင်းများ ရင်ဖွင့်ပြောပြပါသည်။ ကျောင်းတက်ရသည်ကို စိတ်မပါတော့ဟုပြောရာ ကျွန်တော်က ကိုယ်နှင့်မဆိုင်ကြောင်း ကိုယ့်တာဝန်က စာကြိုးစားရန်ဖြစ်ကြောင်း၊ သို့မှသာ ကိုယ့်ဘဝကိုယ်တည်ဆောက်နိုင်မည်ဟု ဆရာ့လေသံအတိုင်း ရှင်းပြတိုက်တွန်းပါသည်။ ကျွန်တော်တို့ ရေကူးကန်သို့ သွားကြပါသည်။ နေ့လယ်တွင် ရုပ်ရှင်ကြည့်ပါသည်။ ကျောင်းဆင်းချိန်၌မှ ကိုယ့်အိမ်သို့ ကိုယ်ပြန်ကြပါသည်။ သူက သူ့အမေကို အဘွားက စောင့်ပေးရန် မလိုကြောင်းပြောသဖြင့် ကျောင်းသွားတက်သည်ဟု ပြောမည်ဟုဆိုပါသည်။ ကျွန်တော်က နောင်ကို ကျောင်းမလစ်ရန် ပြောသောအခါ သူက ကတိမပေးပါ။

mgyoe.com

mgyoe.com

နောက်တစ်နေ့တွင် ကျောင်းရောက်သောအခါ ဆရာဦးနေမျိုးသည် ကျွန်တော့်အမည်ကိုခေါ်ပြီး အတန်းတွင်း၌ မတ်တတ်ရပ်ခိုင်းပါသည်။ ခွင့်မတိုင်ကြားဘဲ ကျောင်းလစ်သည့်အတွက် ဒဏ်ပေးပါသည်။ ဆရာ၏ စာသင်ချိန်တစ်ချိန်လုံးခုံပေါ်တွင် လက်ပိုက်ရပ်နေရပါသည်။ ကျွန်တော် အလွန်ရှက်သွားပါသည်။ ဆရာက ခိုင်းသဖြင့် လိုက်သွားခဲ့ပါလျက် ယခုလိုဒဏ်ပေးခံရခြင်းကိုလည်း နားမလည်နိုင်ဘဲ ဝမ်းနည်းမိပါသည်။ ဆရာ့ကိုလည်း ပြန်မပြောရဲပါ။ ဆရာက ကျောင်းသားအားလုံး၏ရှေ့တွင် မင်းကို ဘယ်သူခေါ်တာလဲဟု မေးပါသည်။ ကျွန်တော်က မဖြေပါ။

ထိုအဖြစ်အပျက်ပြီးသည်နှင့် ကျွန်တော်၏သူငယ်ချင်းသည် လုံးဝကျောင်းမပြေးတော့ပါ။ ကျွန်တော့်ကိုလည်း စိတ်မကောင်းစွာဖြင့် တောင်းပန်ပါသည်။ သူ့ကိုယ်သူလည်း ပြုပြင်သွားပါသည်။ ဘာပဲဖြစ်ဖြစ်... ကျွန်တော် ဝမ်းသာသွားပါသည်။ ဆရာ၏ရည်ရွယ်ချက်ကိုလည်း သဘောပေါက်သွားခဲ့ပါသည်။ ကျွန်တော်တို့ အတန်းတင်စာမေးပွဲဖြေရန် ရက်ပိုင်းအလိုတွင် ဆရာဦးနေမျိုးက ကျွန်တော့်ကိုခေါ်၍ ပြောပါသည်။ ကျွန်တော်စာမေးပွဲတစ်ခု အောင်မြင်ပြီးပြီဟု ဆိုပါသည်။ ယင်းမှာ ပညာရေးစိတ်ပညာ စာမေးပွဲဟု ဆိုပါသည်။ လူ့လောကကြီးဆီသို့ ဤပညာကို သင်ယူမှု ကူးပြောင်းပါဟု ဆရာက ပြောပါသည်။

လူတစ်ယောက်၏ စိတ်ကို ဟန့်တားခြင်းထက် လိုက်လျောပြီး ထိန်းချုပ်ခြင်းကသာလျှင် အထိရောက်ဆုံးအကူအညီဖြစ်ကြောင်း ဆရာဦးနေမျိုးက သက်သေပြ၍ ဆုံးမသင်ကြားခဲ့ခြင်း ဖြစ်ပါသည်။ ပညာသားအလွန်ပါလှပါသည်။ ဤအဖြစ်အပျက်ကလေးကို ကျွန်တော်ဘယ်သောအခါမျှ မေ့မည်မဟုတ်ပါ။ ကျွန်တော့်ဘဝတစ်လျှောက်လုံး၌ လိုက်နာကျင့်သုံးသွားမည့် ပညာရပ်တစ်ခုအဖြစ်ခံယူထားပြီးပါပြီ။ ဦးနေမျိုးသည် ကျွန်တော် အလေးစားရဆုံးသော ဆရာတစ်ဦးဖြစ်ပါသည်။

☆☆☆

mgyoe.com

mgyoe.com

# ဘုရားဖူးခရီးတစ်ခေါက်

နိဒါန်း – ဘယ်အချိန်မှာ ဘုရားဖူးခရီးထွက်လေ့ရှိသလဲ၊ ကိုယ်သွားတဲ့ ခရီးကို နိဒါန်းပျိုးပါ။

စာကိုယ် – အိမ်က ဘယ်နေ့၊ ဘယ်ရက်၊ ဘယ်အချိန် စထွက်သလဲ။
– ဘယ်တွေပါသလဲ။
– ဘယ်ကို စပြီး သွားသလဲ။
– လမ်းမှာ ဘာတွေဖြတ်ရသလဲ။
– ဘယ်မြို့တွေကို ရောက်သလဲ။
– ဘယ်အချိန်မှာ ဘုရားကို ရောက်သလဲ။
– ဘာတွေတွေ့ရသလဲ။
– ထူးထူးခြားခြားဘာရှိသလဲ၊ ရေးပြပါ။
– ဘုရားပွဲရှိသလား၊ ဘယ်အချိန်မှာလုပ်တာလဲ။
– ဘုရားသမိုင်းကို ရေးပြပါ။
– ဘုရားပရိဝုဏ်မှာ ဘာတွေရှိသလဲ။

နိဂုံး – ဘာတွေဆုတောင်းခဲ့သလဲ။
– မမေ့နိုင်ကြောင်း ရေးပြီး နိဂုံးချုပ်ပါ။

မှတ်ချက်။ ။ ဘုရားဖူးခရီးကို ရေးတဲ့အခါ မိမိက ဗုဒ္ဓဘာသာဖြစ်ဖို့ လိုပါတယ်၊ မဟုတ်ရင် ဒီစာစီစာကုံးမျိုးကို ရွေးချယ်ခြင်း မပြုဖို့ ပြောချင်ပါတယ်။

တကယ်ရောက်ဖူးတဲ့ ဘုရားဖူးခရီးကို ချရေးပါ။

နမူနာကို ဖတ်ကြည့်တဲ့အခါ ဘုရားဖူးသွားရင် ဘာတွေမှတ်သားလေ့လာထားခဲ့ကြရမလဲဆိုတဲ့ အချက်ကို မြင်လာပါလိမ့်မယ်။ အရင်က သွားခဲ့ဖူးပြီး မှတ်ထားတာမရှိရင် အတူသွားခဲ့တဲ့ လူကြီးတွေကို ပြန်မေးပြီးရေးပါ။

နောင်ဘုရားဖူးခရီးထွက်တဲ့အခါ မှတ်စုရေးတဲ့ အလေ့အကျင့်လုပ်ဖို့ တိုက်တွန်းလိုပါတယ်။

mgyoe.com

mgyoe.com

# ဘုရားဖူးခရီးတစ်ခေါက်

ကျွန်မသည် ဗုဒ္ဓဘာသာမြန်မာမိသားစုမှ မွေးဖွားခဲ့သူဖြစ်ပါသည်။ ကျွန်မတို့မိသားစုသည် ဘာသာတရားကို ကိုင်းရှိုင်းကြည်ညိုကြပါသည်။ ဘုရား၊ တရား သံဃာတို့ကိုလည်း ယုံကြည်လေးစားကြပါသည်။ မိသားစု သည်ဒီဇင်ဘာ ကျောင်းပိတ်ရက်ရောက်တိုင်း ဘုရားဖူးထွက်လေ့ရှိကြပါသည်။ ထိုအချိန်၌ ကျွန်မတို့ကျောင်းများလည်း ပိတ်ပါသည်။ ဖေဖေက ခွင့်ယူပြီး မေမေက ဆိုင်ပိတ်ကာ ကျွန်မတို့ ဘုရားဖူးခရီးရှည်ထွက်ကြပါသည်။ ကျွန်မ မမေ့နိုင်သောခရီးတစ်ခေါက် အကြောင်း ပြောပြလိုပါသည်။

ကျွန်မ သတ္တမတန်းနှစ်ကဖြစ်ပါသည်။ ကျွန်မတို့သည် အလောင်းတော် ကဿပဘုရားသို့ သွားရောက်ကြရန် မေမေ၏ အကြံပြုချက်ကို သဘောကျခဲ့ကြပါသည်။ ဖေဖေကလည်း စီစဉ်ပေးပါသည်။ အလောင်းတော် ကဿပဘုရားသည် စစ်ကိုင်းတိုင်း ယင်းမာပင်မြို့နယ်တွင် တည်ရှိပြီး ပေလေးထောင်ကျော်မြင့်သော တောင်တန်းပေါ်တွင် တည်ရှိပါသည်။ ကျွန်မတို့မိသားစုသည် ဟိုင်းလတ်ကားတစ်စီး အားငှားရမ်း၍ သွားကြခြင်း ဖြစ်ပါသည်။ အဘယ်ကြောင့်ဆိုသော် ဖုန်ထူသော တောင်ပေါ်အတက်ကားလမ်းမှာ ကားသေးလျှင် မြေဝပ်၍ရုန်းမရသောကြောင့် ဖြစ်ပါသည်။

ကျွန်မတို့ ကားကလေးသည် မန္တလေးမှ နံနက် သုံးနာရီတွင် စတင်ထွက်ခွာပါသည်။ စစ်ကိုင်းတံတားကြီးကို ကျွန်မတို့ဖြတ်ရပါသည်။ ထိုမှ မုံရွာသို့ ရောက်သောအခါ နံနက်ခြောက်နာရီ ထိုးလုပေပြီ။ ဤသို့ဖြင့် ကျွန်မတို့ ချင်းတွင်းမြစ်ကူး တံတားကြီးကို ဖြတ်ရပြန်ပါသည်။ ယင်းမာပင်သို့ ရောက်ချိန်မှာ နံနက်ရှစ်နာရီ ထိုးပါပြီ။ ကျွန်မတို့ ကားလေးသည် နားလိုက်သွားလိုက်ဖြင့် ခရီးဆက်ခဲ့ပါသည်။

တောင်ပေါ်သို့ တက်ရာတွင် ဖုန်ထူထူမြေလမ်းအတိုင်း ဟိုင်းလတ်ကားမှာ အတော်ပင် ရုန်းရပါသည်။ ကျွန်မတို့တစ်ကိုယ်လုံးမှာလည်း မျောက်ဖြူများကဲ့သို့

mgyoe.com

mgyoe.com


ဖြစ်သွားကြပါသည်။ ဖုန်တွေက တစ်ကိုယ်လုံးရော၊ ဆံပင်တွေပါတက်၍ ဖွေးနေသဖြင့် တစ်ယောက်ကိုတစ်ယောက်ကြည့်ပြီး ရယ်နေကြပါသည်။ ကျွန်မတို့သည် တောင်ပေါ် သပိတ်ဆေးစခန်းသို့ နေ့လယ် ၂ နာရီလောက်မှ ရောက်ပါသည်။ ဆာဆာနှင့် ကားပေါ်မှဆင်းပြီး ထမင်းစားကြပါသည်။ သပိတ်ဆေးစခန်းဆိုသည်မှာ သပိတ်ဆေးချောင်းကို အစွဲပြုပြီး ခေါ်ထားသည်ဟု သိရပါသည်။ ချောင်းရေသည် အလွန်ကြည်လင်၍နေပါသည်။ ချောင်းကလေးမှာ တိမ်တိမ်ကလေးလည်း ဖြစ်ပါသည်။ ချောင်းရေ၏အောက်ခြေတွင် အဖြူရောင်ကျောက်စရစ် သေးသေးလေးများကို မြင်ရပါသည်။ ကောက်၍တော့ မရပါ။ ယင်းမှာ ထမင်းစေ့ကလေးများနှင့် တူပါသည်။ ဒေသခံလူကြီးတစ်ယောက်က ရှင်းပြသည်မှာ ထိုကျောက်စေ့ကလေးများသည် ရှေးတစ်ချိန်က ကဿပမထေရ်မြတ်ကြီး ဆွမ်းစားပြီး သပိတ်ဆေးရာတွင် ချောင်းထဲ၌ ကျန်ရစ်သော ထမင်းစေ့များက ရုပ်ကြွင်းအဖြစ်ကျန်ခဲ့တာ ဖြစ်သည်ဟု ဆိုပါသည်။

အလောင်းတော်ကဿပဘုရားသည် အလွန်စိတ်ဝင်စားစရာကောင်းပါသည်။ ကျွန်မအတွက် မမေ့နိုင်သောခရီးလည်း ဖြစ်ပါသည်။ ပျော်စရာခရီးလည်း ဖြစ်ပါသည်။ ကျွန်မတို့မိသားစုမှာ စားသောက်ပြီးသည်နှင့် ဘုရားသို့တက်ရန် ပြင်ဆင်ကြပါသည်။ ကားကတော့ ဆက်တက်၍မရတော့ပါ။ သည်စခန်းမှာပဲ ထားခဲ့ရမည်ဖြစ်ပါသည်။ ဖေဖေက ဆင်သွား၍ ငှားနေပါပြီ။ တောင်ပေါ်ထိပ်ဘုရားသို့ ဆင်ဖြင့်သာ တက်၍ရပါမည်။ ဆင်ကြီးများသည် အလွန်ချစ်စရာကောင်းပြီး လိမ္မာလှပါသည်။ ဆင်ပေါ်တွင် လူလေးယောက်ထိုင်၍ရသော သစ်သားခြင်းကို တပ်ဆင်ထားပြီး ဆင်၏ ခေါင်းနားတွင် ဆင်ဦးစီးက ထိုင်၍ ဆင်ကို မောင်းပါသည်။ ဆင်ရရန် အလှည့်နှင့် စောင့်ကြရပါသည်။ ဆင်များက တက်လိုက်၊ ဆင်းလိုက်ဖြစ်ပါသည်။

ကျွန်မတို့ မိသားစုအတွက် ဖေဖေက ဆင်နှစ်ကောင်ငှားပါသည်။ ဆင်ပေါ်သို့ တက်ရန် သစ်သားစင်ကြီးရှိပါသည်။ ကျွန်မတို့ကျောင်းတွင် လျှောစီးသည့် စင်နှင့် တူပါသည်။ စင်ပေါ်သို့တက်၍ ဆင်၏ကျောဆီသို့ လှမ်းတက်ပြီး ခြင်းထဲ၌ ဝင်ထိုင်ရပါသည်။ မေမေက ကျွန်မတို့ထက် အသက်များစွာကြီးသော ဆင်ကြီးကို ထိုင်ကန်တော့ခိုင်းပါသည်။ ပြီးတော့မှ ဆင်ပေါ်သို့ တက်စေပါသည်။ ဆင်ပေါ်မှ ခြင်းထဲတွင် ထိုင်ရသည်မှာ အလွန်အသည်းအေးဖို့ ကောင်းပါသည်။ ကျွန်မ၊ မေမေ၊ အန်တီလေးနှင့် ဘွားဘွားတို့က ဆင်တစ်စီး၊ ဖေဖေ၊ ကိုကို၊ မောင်လေးနှင့် ဦးဦးငယ်က ဆင်တစ်စီး... ရှေ့ဆင့်နောက်ဆင့်ထွက်လာကြပါသည်။

mgyoe.com